ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ နယုန်လကွယ်၊ စနေနေ့၊ (24-6-2006) (၄၉၉၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သိင်္ဂါလောဝါဒ သုတ္တန်လာ လူ့ကျင့်ဝတ်များ

အမှတ်စဉ်(၁)

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံကြွအသွား လမ်းတွင် ရာဇဂြိုဟ်သူဌေးသား သိင်္ဂါလသည် သူ၏ဖခင် မှာကြားခဲ့သည့်အတိုင်း အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက်၊ အောက်ဟူသော အရပ်ခြောက်မျက်နှာကို ရှိခိုးလျက်နေသည်ကို တွေ့မြင်တော်မူ၍ ရှိခိုးသင့် ရှိခိုးထိုက်၊ ပူဇော်သင့် ပူဇော်ထိုက်သော အရပ်မျက်နှာတို့မှာ မိဘ ဆရာသမား စသည်တို့ကို တင်စားခေါ်ဆိုထားခြင်းဖြစ်ကြောင်းကို ဟောကြားတော်မူ၏။

အရပ်ခြောက်ပါး

၁။	မိဘသည်	အရှေ့အရပ်
၂။	ဆရာသမားသည်	တောင်အရပ်
၃။	သားမယားသည်	အနောက်အရပ်
၄။	မိတ်ဆွေသည်	မြောက်အရပ်
၅။	အလုပ်သမားသည်	အောက်အရပ်
၆။	ရဟန်းသံဃာသည်	အထက်အရပ်

သားသမီးကျင့်ဝတ် ၅-ပါး

အရှေ့အရပ်ဟု ဆိုအပ်သော မိဘတို့အပေါ်၌ သားသမီးတို့က ပြုကျင့်ရမည့် တာဝန်ဝတ္တရား(၅)ပါး ရှိကုန်၏။

(**လင်္ကာ**-ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လူ့မျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ)

၁။ မိဘတို့အား ကျွေးမွေးပြုစုခြင်း၊
၂။ မိဘတို့၏ လုပ်ငန်းကိစ္စများကို စီမံဆောင်ရွက်ပေးခြင်း၊
၃။ မိဘတို့ ဆိုဆုံးမသည့်အတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် အမွေခံထိုက်အောင် နေထိုင်ခြင်း၊
၄။ ကွယ်လွန်သွားသော မိဘတို့အတွက် အလှူဒါနပြုလုပ်၍ ကုသိုလ်အဖို့ အမျှဝေခြင်း၊
၅။ မိဘတို့၏ အမျိုးအနွယ်ကို စောင့်ထိန်းခြင်းတို့ဖြစ်သည်။

ပုဂံရာဇဝင်တွင် ရှရိတြိဘာဝနာဒိတျ ဘွဲ့မည်ခံသသော ကျန်စစ်မင်းကြီး၏ သားတော် ရာဇကုမာရသည် မိဘကျေးဇူးသိတတ်သည့်အရာ၌ စံထားလောက်ပေသည်။ ရာဇကုမာရသည် တြိလောက ဝင့်သကာဒေဝီဘွဲ့ခံ အပယ်ရတနာမိဖုရား၏ သားတော်ဖြစ်၏။ ကျန်စစ်သားမင်းကြီးသည် ထီးမွေနန်းမွေကို သားတော်ရာဇကုမာရအား မပေးခဲ့ဘဲ မြေးတော် အလောင်းစည်သူအား ထီးနန်းလွှဲအပ်ခဲ့သည်။ သားတော်ရာဇကုမာရမှာ ထီးမွေနန်းမွေကို မရသည့်အတွက် မကျေနပ်သည့် အရိပ်အယောင်မတွေ့ရဘဲ အနန္တကျေးဇူးရှင်အဖြစ် သတ်မှတ်၍ ကျေးဇူးဆပ်ရန် အခွင့်အလမ်းကိုသာ စောင့်စားနေခဲ့သည်။ ခမည်းတော် ကျန်စစ်သားမင်းကြီး မကျန်းမာ၍ နတ်ရွာစံတော်မူခါနီးဆဲဆဲတွင် ရွှေဆင်းတုတော်တစ်ဆူသွန်းလုပ်ပြီး ခမည်းတော်လက်သို့ ရေစက်သွန်းချ လှူဒါန်းရန် အပ်နှံခဲ့လေသည်။ ခမည်းတော်ကျန်စစ်သားမင်းကြီးသည် ဆရာတော်ကြီးခုနစ်ပါးကိုပင့်၍ ရေစက်ချ လှူဒါန်းလေသည်။ ယင်းရွှေဘုရားကို ဌာပနာ၍ တည်ထားသော စေတီတော်မှာ မြင်းကပါရွာအနီး၌ တည်ရှိ၍ ဂူပြောက်ကြီးဘုရားဟု ဘွဲ့အမည်တွင်ခဲ့သည်။

ဤမျှဖြင့် မိအိုဖအို ပြုစုလုပ်ကျွေး စောင့်ရှောက်ခြင်းသည် ရှေးသူဟောင်းတို့ အစဉ်အဆက် ကျင့်သုံးခဲ့ကြသည့် ကောင်းမြတ်သော မင်္ဂလာကျင့်စဉ်တစ်ရပ်ဖြစ်ကြောင်း သိသာထင်ရှားလေသည်။ **သာသနာရေး**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း

ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်း ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၃

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းဥက္ကဋ္ဌ Mr. Tae-Yong Leeနှင့်အဖွဲ့အား ယနေ့ညနေ ၃နာရီ ၁၅မိနစ်တွင် နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဝန်ကြီးချုပ်ရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းတို့ တက်ရောက်ကြပြီး ဒေဝူးအင်တာနေရှင်နယ် ကော်ပိုရေးရှင်းဥက္ကဋ္ဌ Mr. Tae-Yong Lee နှင့်အတူ Mr. C. M. Rim, Mr. K. H. Choi, Mr. J.H.Kim, Mr. G. S. Roh, Mr. P.S.Kim နှင့် Mr. Y.C. Kangတို့ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာ၌ စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဒေဝူး အင်တာနေရှင်နယ်ကော်ပိုရေးရှင်းဥက္ကဋ္ဌ Mr. Tae-Yong Lee နှင့် အဖွဲ့အား နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၄-၆-၂၀၀၆
(စနေနေ့)

ကျန်းမာရေးပြဿနာများ ဒေသအတွင်း ပေါင်းစည်းညီညီ ဖြေရှင်း

မြန်မာနိုင်ငံတွင် အမျိုးသားကျန်းမာရေးအဆင့်အတန်းမြင့်မားရေး၊ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပမာဏနှင့် အရည်အသွေး တိုးမြှင့်ပေးနိုင်ရေးအတွက် အမျိုးသားကျန်းမာရေးစီမံကိန်းများ ချမှတ်ပြီး စနစ်တကျ စီမံဖြည့်ဆည်းပေးနေသည်။

နယ်စပ်အစွန်အဖျားဒေသများပါမကျန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံဆောင်ရွက်ရာတွင် ဆေးရုံ၊ ဆေးပေးခန်း၊ အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် အတူ ဆရာဝန်၊ ဆရာမ၊ သူနာပြုများ တိုးမြှင့်ခန့်ထားခြင်း၊ ကုသမှုလုပ်ငန်းများ၌ အဆင့်မြင့်လုပ်ကိုင်နိုင်ရန် ခေတ်မီမေ့ဆေးစက်၊ ခွဲစိတ်ခန်းသုံးပစ္စည်းကိရိယာများနှင့် လိုအပ်ချက်ကို ပြည့်ပြည့်စုံစုံ ဖြည့်ဆည်းတပ်ဆင်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ခုခံအားကျဆင်းမှုရောဂါ၊ ငှက်ဖျားရောဂါနှင့် တီဘီရောဂါဟူသည့် ရောဂါကြီးသုံးမျိုး တားဆီးကာကွယ်တိုက်ဖျက်နိုင်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နီးနွယ်ဆက်စပ်နေသော ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။ ထို့အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် လက်တွဲ၍ အရေးပေါ် ကျန်းမာရေးပြဿနာများနှင့် အသစ်ပေါ်ထွက်လာသော ရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းလုပ်ဆောင်လျက် ရှိသည်။

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို ဇွန်လ ၂၁ ရက်နှင့် ၂၂ ရက်တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေး၌ အာဆီယံဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်း၌ ဖြစ်ပွားလျက်ရှိသည့် အသစ်ပေါ်ထွက်လာသော ရောဂါများ၊ ခုခံအားကျဆင်းမှုရောဂါအပါအဝင် ကူးစက်ရောဂါများ ကာကွယ်တားဆီးရေး၊ ကြက်ငှက်တုပ်ကွေး ကမ္ဘာ့ကပ်ရောဂါ အသွင် ဖြစ်ပွားလာပါက ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေး လုပ်ငန်းများနှင့် တိုင်းရင်းဆေးပညာ၊ ကျန်းမာရေးနှင့် အာဟာရ မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ကျန်းမာရေးပြဿနာဟူသည် နိုင်ငံတစ်နိုင်ငံ၊ ပထဝီဒေသတစ်ခုတည်း၌သာ ဖြစ်ပွားတတ်သည် မဟုတ်သဖြင့် ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများအား အာဆီယံဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများအားလုံးက ပေါင်းစည်းညီညီ ဝိုင်းဝန်းဖြေရှင်းနေကြပြီဖြစ်သည်။

မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဒေသတွင်း နိုင်ငံများ၏ စည်းလုံးညီညွတ်မှု၊ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်မှု ကွန်ရက်များ ခိုင်ခိုင်မာမာထူထောင် ဖြေရှင်းနိုင်ကြခြင်းဖြင့် နိုင်ငံသူ၊ နိုင်ငံသားများအပေါ် ကျရောက်လာမည့် ကျန်းမာရေးဆိုင်ရာပြဿနာများ၊ အရေးပေါ်ဖြစ်ပွားတတ်သည့် ဘေးအန္တရာယ်နှင့် ကပ်ရောဂါများမှ တားဆီးကာကွယ်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၏ မှုခင်းကျဆင်းရေးလုပ်ငန်း အရှိန်အဟုန်ကို မြှင့်တင် လောင်းကစားနှိမ်နင်းရေး အဂတိမဖက်ဘဲ အမြစ်ပြတ်အောင် ပြတ်ပြတ်သားသားနှိမ်နင်း

ရန်ကုန် ဇွန် ၂၃

ရန်ကုန်တိုင်းရဲတပ်ဖွဲ့၏ ၂၀၀၆ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၂ ရက် နံနက် ၁၁နာရီတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၏ ၂၀၀၆ ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ဌာနခွဲမှူးများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် တည်ဆောက်ရာတွင် လည်းကောင်း၊ စည်းကမ်းပြည့်ဝပြီး စစ်မှန်သည့် ဒီမိုကရေစီစနစ် ကျင့်သုံးသည့်နိုင်ငံအဖြစ် ကူးပြောင်းရာတွင် လည်းကောင်း၊ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးသည် မရှိမဖြစ် အဓိကအကျဆုံး ဖြစ်ကြောင်း၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၏ မှုခင်းကျဆင်းရေး လုပ်ငန်း အရှိန်အဟုန်ကိုလည်း မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မှုခင်းများလျော့နည်းကျဆင်းပါမှ တရားဥပဒေစိုးမိုးနိုင်မှာဖြစ်ကြောင်း၊ လောင်းကစား နှိမ်နင်းရေးတာဝန်ကို အဂတိတရားမဖက်ဘဲ အမျိုးသားရေး တာဝန်တစ်ရပ် အနေဖြင့် ပြတ်ပြတ်သားသား အမြစ်ပြတ်အောင် နှိမ်နင်းဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်ကြီးစိမ်းလန်းစိုပြည်ပြီး သန့်ရှင်းသာယာ လှပစေရေးအတွက် ရဲတပ်ဖွဲ့အပိုင်းကလည်း အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်ပေးရန် လိုကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစနစ်တကျ ဖြစ်ရေးအတွက် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသာမက နယ်မြေ ရဲတပ်ဖွဲ့ဝင်များကပါ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ လုံခြုံရေးအပိုင်းအနေဖြင့် ကြိုတင်ရရှိထားပြီး ဖြစ်သည့် သတင်းများကို အခြေခံ၍ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများအား အဖွဲ့အစည်းများ အချင်းချင်းပေါင်းစပ် ညှိနှိုင်းဖော်ထုတ်ကြရန် လိုကြောင်းမှာကြားသည်။

ရှင်းလင်းမှာကြား

ယင်းနောက် ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်းက ၂၀၀၆ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြည်နယ်၊ တိုင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်တို့၏ မှာကြားချက်များနှင့်ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ဌာနခွဲမှူးများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများက လုပ်ငန်းဆိုင်ရာကိစ္စများကို လည်းကောင်း၊ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဆယ်မောင်က မှုခင်းကျဆင်းရေးနှင့်ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ် ချမှတ်နိုင်ရေးတို့ကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ငင်းနောက် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး အခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်းသည်။ (သတင်းစဉ်)

တာဆန်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၃

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး ဇော်မင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၇ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့၏ အရှေ့ဘက် ၉၅ မိုင်ခန့်အကွာ မိုင်းပန်မြို့နယ်နှင့် မိုင်းတုံမြို့နယ်အကြား သံလွင်မြစ်ပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တာဆန်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။

တင်ပြ

ယင်းနောက် ဝန်ကြီးအား စီမံကိန်း ရှင်းလင်း ဆောင်တွင် MDX Group of Companies မှ Vice President Mr. Noppon Prapaitrakul က အကျိုးတူပူးပေါင်းဆောင်ရွက်၍ စီမံကိန်းလုပ်ငန်း၏ လက်ရှိလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ကာလအပိုင်းအခြားအလိုက်ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် မပျက်စီးမထိခိုက်ရေး၊ လုပ်ငန်းခွင်တွင် ပါဝင်ဆောင်ရွက်မည့် ဒေသခံ အလုပ်သမားများ၏ ကျန်းမာရေး၊ လူမှုရေးကိစ္စများကို ပြည့်စုံစွာ ဆောင်ရွက်ပေးရေး၊ စီမံကိန်းလုပ်ငန်းများ တစ်ခုပြီးတစ်ခု တင်ပြထားသော အချိန်အတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးအောင် ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးကိစ္စများကို ဆွေးနွေးမှာကြားသည်။

တည်ဆောက်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တာဆန်းရေအား လျှပ်စစ်စီမံကိန်း၏ ပုံစံငယ်ကို လည်းကောင်း၊ တမံတည်ဆောက်မည့် အုကြောင်းနေရာနှင့် ပုံစံကို လည်းကောင်း၊ ရေလွှဲဥမင်နှစ်ခုအစ အဝင်ပေါက် တည်ဆောက်မည့်နေရာကိုလည်းကောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်မည့်နေရာများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် ဝန်ထမ်းနှင့်ရုံးများ ထားရှိမည့်နေရာတွင် အဆောက်အအုံများ ဆောက်လုပ်နေမှုကိုလည်းကောင်း၊ တာဆန်းတံတားမှ တမံတည်ဆောက်မည့် နေရာအထိ ၁၂ ကီလိုမီတာ ချဉ်းကပ်လမ်းဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဝမ်ဆာလရွာအနီးတွင် တာဆန်းရေအားလျှပ်စစ် စီမံကိန်းအုပ်ချုပ်မှုကိစ္စများသုံးရန် ကီလိုဝပ် ၁၅၀ ရေအားလျှပ်စစ်စက်ရုံငယ်အတွက် တာတမံ ရေသွယ်မြောင်းနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

တာဆန်းရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၄ ခုနှစ် နှစ်ဆန်းမှစ၍ အကြိုအင်ဂျင်နီယာလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပြီး ပထမအဆင့်တွင် မဂ္ဂါဝပ် ၂၀၀ စက်ရုံကို လည်းကောင်း၊ ဒုတိယအဆင့်တွင် ၇၇၁ မဂ္ဂါဝပ် ရေအားလျှပ်စစ်စက်ရုံ သုံးရုံကိုလည်းကောင်း၊ တတိယအဆင့်တွင် မဂ္ဂါဝပ် ၇၃၁၀ ရေအားလျှပ်စစ်စက်ရုံ ခုနစ်ရုံကို လည်းကောင်း တည်ဆောက်သွားမည်ဖြစ်ပြီး စီမံကိန်းပြီးဆုံးပါက မဂ္ဂါဝပ် ၇၃၁၀ ထုတ်လုပ်နိုင်မည် ဖြစ်သည်။ (သတင်းစဉ်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တာဆန်းရေအားလျှပ်စစ်စီမံကိန်း၏ ပုံစံငယ်ကိုကြည့်ရှုစစ်ဆေးစဉ်။
[အမှတ် (၁)လျှပ်စစ်စွမ်းအား]

မြန်မာနိုင်ငံ ပြန်တမ်း

နေပြည်တော် ဇွန် ၂၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်း အဖွဲ့အစည်း အကြီးအကဲရာထူး နေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမည်၊ ရာထူး၊ ဌာန	**ခန့်ထားသည့် ရာထူး၊ ဌာန**
(က) ဗိုလ်မှူးချုပ် ကျော်ကျော် ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် သံတမန်ရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(ခ) ဗိုလ်မှူးကြီး ဌေးလွင် ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
(ဂ) ဦးမြတ်သူ ဒုတိယညွှန်ကြားရေးမှူးချုပ် စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ဇွန် ၂၃ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဒေဝူးအင်တာနေရှင်နယ် ကော်ပိုရေးရှင်း ဥက္ကဋ္ဌ Mr. Tae Yong Lee အား နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော်ရှိ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇွန် ၂၃

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဩဝါဒ စရိယဆရာတော်ကြီးများနှင့် ဘုရားဝင်းအတွင်းရှိ ကျောင်းတိုက်များ၌ ဝါဆို ဝါကပ်တော်မူကြမည့် သံဃာတော်များအား ဇူလိုင် ၉ရက်(ဝါဆိုလပြည့်နေ့)တွင် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူး၍ (၄၉)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ဝါဆိုသင်္ကန်းတစ်စုံလျှင် ငွေကျပ် ၃၀၀၀ဖြင့် ဂေါပကအဖွဲ့ ဖုန်း-၂၉၀၄၂၅သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇွန် ၂၃

တောင်ကြီးမြို့နယ် အေးသာယာမြို့သစ် ကံသစ်ကျောင်း၌ ဦးစီးပဓာန နာယက ဆရာတော် ဦးဉာဏိဿရ(ဗမော်)ဦးစီးကျင်းပသော မိုးကုတ်ဝိပဿနာ ခုနစ်ရက် အဓိဋ္ဌာန်စခန်းပွဲကို ဇွန် ၂၆ရက်မှ ဇူလိုင် ၂ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းပွဲ၌ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဖွဲ့စုံသာသနာရာမ ကျောင်းတိုက် ဓမ္မာသနမိုးကုတ်ရိပ်သာ ကျောင်းဆရာတော် ဦးဝိစိတ္တက ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် သစ္စာတရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ပုညာရာမ မိုးကုတ်ရိပ်သာ ဝါတွင်းရက် ၁၀၀ တရားစခန်း

ရန်ကုန် ဇွန် ၂၃

သာကေတမြို့နယ် အမှတ်(၉)ရပ်ကွက် နဝရတ်လမ်း ပုညာရာမ မိုးကုတ်ဝိပဿနာရိပ်သာ၌ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဝါတွင်းရက် ၁၀၀ တရားစခန်းပွဲကို ဆရာတော် အရှင်ပုညာနန္ဒ (ဓမ္မကထိက ဗဟုဇနဟိတဓရ)က ဖွင့်လှစ်ဟောကြားပြသမည်ဖြစ်သည်။

ယင်းစခန်းပွဲတွင် ဇွန် ၂၈ရက်မှ ဇူလိုင် ၇ရက်အထိ ၁၀ရက်အထူးစခန်းကို ဦးအောင်စိုး-ဒေါ်မြင့် မြင့်ကြည်၊ သား မောင်အောင်ဇော်ဝင်း၊ သမီး မမိုးမိုးအောင်၊ မြေး မောင်ရဲဝင်းအောင်၊ မောင်ကောင်းထက်အောင်မိသားစု (တက္ကသိုလ်ရိပ်သာလမ်း)မှ တစ်ဦးတည်းလှူဒါန်းမည်ဖြစ်ပြီး ဝါတွင်းစခန်းပွဲကို အောက်တိုဘာ ၆ရက်(သီတင်းကျွတ်လပြည့်နေ့)အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများသည် ဇွန် ၂၇ရက် ညနေ အရောက်လာကြရန်နှင့် ကျောင်းတိုက် ဖုန်း-၅၄၇၄၅၁ သို့ ဆက်သွယ်စာရင်းပေးနိုင်ပြီး အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ကော်မတီရုံး ဝန်ထမ်းသားသမီးများ အတွက် ပညာသင်ထောက်ပံ့ငွေအား ကော်မတီရုံး ရုံးအဖွဲ့မှူး လက်ထောက်ဌာနမှူး ဦးညီညီဦးထံ ပေးအပ်စဉ်။ (၁၉)

ရတနာပုံအနုပညာခန်းမ ဇွန် ၂၅ရက်တွင် ဖွင့်မည်

ရန်ကုန် ဇွန် ၂၃

မန္တလေးအသင်း (ရန်ကုန်)၏ ရတနာပုံ အနုပညာခန်းမကို ဇွန် ၂၅ရက်တွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် လမ်း(၃၀)ထောင့် အမှတ်(၆၂၈/၆၃၂)ရှိ မန္တလေးအသင်း တိုက်၌ စတင်ဖွင့်လှစ်မည်ဖြစ်သည်။

ရတနာပုံ အနုပညာခန်းမ ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဂန္ထဝင်နှင့်လက်ရာမွန်အမည်ရှိပန်းချီပြပွဲကို ဇွန် ၂၅ရက်မှ ဇူလိုင် ၈ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသမည်ဖြစ်သည်။

ယင်းပန်းချီပြပွဲတွင် မန္တလေးမြို့နှင့် နိုင်ငံတစ်ဝန်းမှ ပန်းချီပညာရှင်များ၏ လက်ရာမွန်ပန်းချီ ကားများကို ပြသမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ လာရောက်ကြည့်ရှုနိုင်သည်။ (သတင်းစဉ်)

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇွန် ၂၃

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်) ပဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို တာမွေမြို့နယ်၊ အလိုတော်ပြည့်ကျောင်းတိုက်၌ ဇွန် ၂၅ရက် (ဝါဆိုလဆန်း ၁ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းနာယကများ၊ အသင်းကော်မတီနှင့် အသင်းသားများ၊ မြို့နယ်သားများ တက်ရောက်ကြည်ညိုကြရန်နှင့် ကုသိုလ်ပြုလှူဒါန်းလိုသူများ ဦးစံလှမောင် ဖုန်း-၅၄၁၅၃၅၊ ၃၈၂၇၆၃ သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၀၆-၂၀၀၇ခုနှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ (၄)၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း တက်ရောက်၍ ပညာသင်ကြေးများ ပေးအပ်သည်။

အခမ်းအနားတွင် ၂၀၀၆-၂၀၀၇ ခုနှစ် ပညာသင်နှစ် ဝန်ထမ်းများ၏ သားသမီးများမှ တက္ကသိုလ်ဆင့် ၄၆၂ဦး၊ အခြေခံပညာ အထက်တန်းဆင့် ၈၂၄ဦး၊ အလယ်တန်းဆင့် ၁၇၅၃ဦးနှင့် မူလတန်းဆင့် ၂၁၆၃ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၅၂၀၂ဦး တို့အတွက် ပညာသင်ထောက်ပံ့ကြေး ကျပ် ၉၉၈၉၀၀၀ ကို မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် ကော်မတီဝင်များက ဌာနများအလိုက် ဌာနမှူးများထံ ပေးအပ်သည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်များ၊ ဌာနမှူးများ၊ ခရိုင်နှင့် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးများ၏ ရန်ကုန်မြို့တော် အဆင့်မြင့်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ မြို့တော်ဝန်က ရန်ကုန်မြို့တော် အဆင့်မြင့်ရေးအတွက် မြို့နယ်များအလိုက် သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းများအဆင့်မြင့်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရေး၊ မိမိတို့၏ လုပ်ငန်းများ တိုးတက်မှုရှိစေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရေး မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (၁၉)



တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာသင်စရိတ် ငွေလှူဒါန်းပွဲကို ဇွန် ၂၃ရက်က ကျင်းပရာ အောင်အောင် မိတ်ကပ်ဆံပင်အလှပြုပြင်ရေးက မွေးနေ့အထိမ်းအမှတ်အဖြစ် ကျပ်သုံးသိန်းတန်ဖိုးရှိ ရေသန့်စက်အတွက် ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၆-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၅	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၅	၉။	**ဆရာတော်ဦးဃောသိတတရားတော် - ဘဒ္ဒေကရတ္တသုတ်**
၉:၁၅	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၉:၁၆	၁၁။	အပိတ်နှုတ်ဆက်စကား
၉:၁၇	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀	၅။	**ရုပ်မြင်သံကြားဇာတ်လမ်း "သခွတ်ပန်း" ကျော်ရဲအောင်၊ ရဲအောင်၊ မို့မို့မြင့်အောင်**
၁:၅၀	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁:၅၅	၇။	အပိတ်နှုတ်ဆက်စကား
၂:၀၀	၈။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄:၃၀	၅။	မျိုးချစ်တပ်မတော်
၄:၄၅	၆။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၅	၇။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၄၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၃။	အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆:၄၀	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း-၅၄)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၉။	**FIFA WORLD CUP GERMANY 2006** ဘောလုံးပွဲ-**Germany Vs Sweden(Live)**
	၂၀။	သင့်အတွက်မနက်ဖြန်
	၂၁။	အပိတ်နှုတ်ဆက်စကား
	၂၂။	ပြီးပါပြီ။

၀၁:၃၀(၂၅-၆-၂၀၀၆)ရက်နေ့ နံနက်ပိုင်း **FIFA WORLD CUP GERMANY 2006** ဘောလုံးပွဲ-**Argentina Vs Mexico (Live)**

တရုတ်နိုင်ငံ တိဘက်ဒေသ နင်ချီမြို့တွင် လေဆိပ်သစ်အတွက် အဆောက်အအုံများ တည်ဆောက်နေသည်ကို ဇွန် ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နျူကလီးယားလက်နက်အန္တရာယ် ကိုဖီအာနန်သတိပေး

ဂျီနီဗာ ဇွန် ၂၂

ကမ္ဘာကြီးသည် နျူကလီးယား ပြန့်ပွားရာ လမ်းကြောင်းအတိုင်း ဦးတည်နေကြောင်း၊ နျူကလီးယားလက်နက်ဘေးအန္တရာယ် ရပ်ဆိုင်းစေရေးအတွက် ကြိုးပမ်းရမည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဂျီနီဗာတွင် ရောက်ရှိနေစဉ် သတိပေးပြောကြားလိုက်သည်။

ကမ္ဘာကြီးသည် ကွဲပြားခြားနားနေသည့် လမ်းနှစ်သွယ်ဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည်ဟု လက်နက်ဖျက်သိမ်းရေးညီလာခံ စုံညီအစည်းအဝေးတွင် ကိုဖီအာနန်က ပြောကြားသည်။

ဖျက်သိမ်း

လမ်းတစ်သွယ်မှာ တက်ကြွစွာ အပြုသဘော ပါဝင်လှုပ်ရှားရေး ဖြစ်ပြီး ယင်းလမ်းစဉ်အရ နျူကလီးယားလက်နက်ပြန့်ပွားရေးကို ကန့်သတ်မှုပြုလုပ်ကာ ယုံကြည်မှု ညှိနှိုင်းဆွေးနွေးမှုနှင့် ညှိနှိုင်းသဘောတူညီမှုများ ပြုလုပ်ကာ အဆိုပါ လက်နက်များ ဖျက်သိမ်းရေး လမ်းသွယ်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

ဒုတိယလမ်းသွယ်မှာ နျူကလီးယားလက်နက်များ ကိုယ်တိုင်တပ်ဆင်ရန် တာဝန်ရှိသည်ဟု ယူဆနေသည့် နိုင်ငံများ အများအပြား ပေါ်ထွန်းလာပြီး နျူကလီးယားအသုံးပြု၍ အကြမ်းဖက်တိုက်ခိုက်မှု ပြုလုပ်လိုသူများ တိုးပွားလာမှုသို့ ဦးတည်နေသည့် လမ်းသွယ်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အချေအတင်

ယခုကမ္ဘာကြီး၏ အခြေအနေသည် ဒုတိယလမ်းသွယ်ပေါ်တွင်လျှောက်လှမ်းနေပြီ ဖြစ်ကြောင်း၊ အသိတရားရှိစွာဖြင့် ယင်းလမ်းသွယ်ကို ရွေးချယ်ခြင်း မဟုတ်ဘဲ ယုံကြည်မှု တည်ဆောက်ရေးနှင့် ပဋိပက္ခဖြေရှင်းရေးအတွက် ဖန်တီးထူထောင်သည့် ဘက်ပေါင်းစုံယန္တရားများရပ်ဆိုင်းကာ အကျိုးဖြစ်ထွန်းမှု မရှိသည့် အချေအတင်ဆွေးနွေးပွဲစသည့် တွက်ဆမှု မှားယွင်းမှုသို့ ဦးတည်သည့် လမ်းကြောင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

လက်နက် ဖျက်သိမ်းရေးနှင့် နျူကလီးယားလက်နက် မပြန့်ပွားရေးဆိုင်ရာ အစီအစဉ်များ ဖော်ဆောင်မှုသည် ကမ္ဘာ့လုံခြုံရေးအတွက် အရေးပါသည့် ကိစ္စရပ်နှစ်ရပ် ဖြစ်ကြောင်း ကိုဖီအာနန်က ပြောကြားသွားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကူဝိတ်ရှိ အမေရိကန်နိုင်ငံသားများ အကြမ်းဖက် တိုက်ခိုက်ခံရဖွယ်ရှိ

ကူဝိတ်စီးတီး ဇွန် ၂၂

ကူဝိတ်နိုင်ငံမှ အမေရိကန်နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် အကြမ်းဖက်သမားများ၏ ဆန့်ကျင် တိုက်ခိုက်မှုများအား ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားကြရန် ကူဝိတ်ရှိ အမေရိကန်သံရုံးက တိုက်တွန်းနှိုးဆော်ထားကြောင်း ကူဝိတ်တိုင်းမ်သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြသည်။

အယ်လ်ခိုင်ဒါ အကြမ်းဖက်ခေါင်းဆောင် အယ်လ်ဇာကာဝီ သေဆုံးမှု၊ ဂွါတာနာမိုအကျဉ်းစခန်းမှ အကျဉ်းသားသုံးဦး သေဆုံးမှုနှင့် အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်အား သေဒဏ်ပေးရန် အီရတ် ရှေ့နေချုပ်က တောင်းဆိုထားမှုတို့ ပေါ်ပေါက်ပြီးခဲ့သည့်နောက် အမေရိကန်သံရုံးက ယင်းသို့ သတိပေးထုတ်ပြန်လိုက်ခြင်းဖြစ်သည်ဟု သတင်းစာက ရေးသားသည်။

ထုတ်ပြန်

အရှေ့အလယ်ပိုင်းဒေသရှိ အမေရိကန်နိုင်ငံသူ၊ နိုင်ငံသားများနှင့် ၎င်းတို့၏ အကျိုးစီးပွားများကို အကြမ်းဖက်သမားများက တိုက်ခိုက်လာနိုင်ကြောင်း ယုံကြည်လောက်သောသတင်းများ ရရှိထားသည်ဟု အမေရိကန်သံရုံးက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ဖြစ်နိုင်ဖွယ်ရှိ

ဖောက်ခွဲမှု၊ ပြန်ပေးဆွဲမှု၊ ဓားစာခံအဖြစ် ဖမ်းဆီးမှု၊ သတ်ဖြတ်မှုစသည့် ပုံစံအမျိုးမျိုးဖြင့် တိုက်ခိုက်မှုများ ပြုလုပ်ဖွယ်ရှိပြီး တိုက်ခိုက်မည့်ပစ်မှတ်များသည် ဟိုတယ်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ ညကပွဲရုံ များ၊ စားသောက်ဆိုင်များ၊ ရေနံထုတ်လုပ်ရေးနေရာများ၊ အိမ်များနှင့် ဈေးများဖြစ်နိုင်ဖွယ်ရှိသည်ဟု ကြေညာချက်အရ သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှား၌ ရေလွှမ်းမိုး လူ ၁၀၀ကျော်သေဆုံး

ဂျကာတာ ဇွန် ၂၂

အင်ဒိုနီးရှားနိုင်ငံ တောင်ပိုင်း ဆူလာဝေဆီပြည်နယ်တွင် မိုးများသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမိုးခဲ့သဖြင့် နေအိမ်အဆောက်အအုံများ ပြိုကျခြင်းနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ကြောင်း တာဝန်ရှိသူများက ဇွန် ၂၁ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှားတပ်မတော်သားများနှင့် စေတနာ့ဝန်ထမ်းများသည် နေအိမ်အဆောက်အအုံ အပျက်အစီးများကြားတွင် အသက်ရှင်လျက် ကျန်ရစ်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုကြောင့် ဆူလာဝေဆီပြည်နယ်တွင် အနည်းဆုံး လူ ၁၀၀ကျော်သေဆုံးခဲ့ရပြီး ၁၀၁ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်းသက်ဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေဆီပြည်နယ်၌ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဇွန် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်အနောက်ပိုင်းတွင် ကန်မရိန်းတပ်ဖွဲ့ဝင် လေးဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၂၃

အီရတ်နိုင်ငံ အနောက်ပိုင်းဒေသရှိ အန်ဘာပြည်နယ်တွင် ပြောက်ကျားများ၏ တိုက်ခိုက်မှု နှစ်ကြိမ်ခံရသဖြင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ကြာသပတေးနေ့တွင် ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလာသည့် စစ်ဘက်ယာဉ်တစ်စီးသည် လမ်းဘေးဗုံးတက်နင်းမိခဲ့သဖြင့် ပေါက်ကွဲကာ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့ပြီး အခြားမရိန်းတပ်ဖွဲ့ဝင်တစ်ဦးမှာလည်း လုံခြုံရေးဆိုင်ရာ လှုပ်ရှားမှုပြုလုပ်နေစဉ် ပြောက်ကျားများ၏ ပစ်ခတ်မှုခံရသဖြင့်သေဆုံးခဲ့သည်ဟု ကြေညာချက်တွင်ဖော်ပြထားသည်။

ယင်းတိုက်ခိုက်မှုများနှင့်ပတ်သက်၍ ကြေညာချက်တွင် အမေရိကန်စစ်ဘက်က အသေးစိတ် ဖော်ပြထားခြင်းမရှိပေ။

အမ်အင်အေ၊ဆင်ဟွာ။

ကယ်လီဖိုးနီးယားပြည်နယ်တွင် ငလျင်လှုပ်နိုင်ဖွယ်ရှိဟုဆို

လန်ဒန် ဇွန် ၂၂

ကယ်လီဖိုးနီးယားဒေသတောင်ပိုင်းတွင် ပြတ်ရွေ့ကြောင်း လှုပ်ရှားမှုကြောင့် ပေါ်ပေါက်လာနိုင်သည့် မြေငလျင်လှုပ်နိုင်ကြောင်း လေ့လာစမ်းသပ်ချက်စာတမ်းတစ်ရပ်အရ သိရှိရသည်။

ရေးသားထား

ဆန်အင်ဒရီယာ ပြတ်ရွေ့ကြောင်းသည်ကယ်လီဖိုးနီးယားပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းမှသည်အနောက်ပိုင်းဒေသတစ်ခုလုံးအထိ ရှိနေပြီး ပြတ်ရွေ့ကြောင်း၏ အပေါ်ယံမြေလွှာက တောင်ပိုင်းဒေသသို့ လှုပ်ရှားနေစဉ် ပြတ်ရွေ့ကြောင်း၏ အနောက်ဘက်အပေါ်ယံ မြေလွှာက မြောက်ဘက်သို့ ရွေ့လျားမည် ဖြစ်သည်ဟု ဗြိတိန်နိုင်ငံတွင် ထုတ်ဝေသော နေချား အမည်ရှိ အပတ်စဉ်ဂျာနယ်တစ်စောင်တွင်ရေးသားထားသည့် သုတေသန စာတမ်းအရ သိရှိရသည်။

ပြတ်ရွေ့ကြောင်းများ ဆန့်ကျင်ဘက် လှုပ်ရှားမှု ဖြစ်ပွားသည့် ပွတ်တိုက်မှု အရှိန်အဟုန်ကြောင့် မြေငလျင်အကြီးအကျယ် လှုပ်နိုင်ကြောင်း ကယ်လီဖိုးနီးယားဒေသရှိ အဏ္ဏဝါလေ့လာရေးဌာနမှ ငလျင်ပညာရှင် ယူရီဖိုင်ယယ်ကိုက ပြောကြားသည်။

အဆိုပါငလျင်သည် မကြာမီကာလအတွင်း လှုပ်ရှားနိုင်သည်ဟု ၎င်းသိပ္ပံပညာရှင်က ပြောကြားသည်။

ဖိုင်ယယ်ကိုက အဆိုပါ လေ့လာစမ်းသပ်ချက်ကို ကမ္ဘာတစ်ဝန်း ဖြန့်ကြက်ချထားသည့် စောင့်ကြည့်လေ့လာရေးစနစ်များ၊ ဂြိုဟ်တုမှ ပေးပို့သည့် အချက်အလက်များကို အသုံးပြုကာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနှင့် ပါကစ္စတန်နယ်စပ် ကက်ရှ်မီးယားဒေသ ဘတ်စ်ကားလိုင်းသစ် ပြေးဆွဲမည့် နယ်စပ်ဂိတ်ဝကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အာအီးအီးအီးပီအဖွဲ့သို့ စင်ကာပူ ဝင်ရောက်

စင်ကာပူ ဇွန် ၂၂

စင်ကာပူနိုင်ငံသည် ပြန်လည်အသုံးပြုနိုင်သည့် စွမ်းအင်နှင့် စွမ်းအင်စွမ်းဆောင်မှု မိတ်ဖက်နိုင်ငံ (အာအီးအီးအီးပီ) သို့ ဝင်ရောက်ခဲ့ရာ ၃၂ ခုမြောက် အစိုးရအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာကြောင်း နယူးစ်အာရှ ရုပ်မြင်သံကြားဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြလိုက်သည်။

ယင်းသို့ အဖွဲ့ဝင်ဖြစ်လာမှုသည် အပြုသဘောဆောင်ပြီး အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ ဒေသတွင်း စွမ်းအင် စွမ်းဆောင်မှုဈေးကွက်ထူထောင်ရာ၌ စင်ကာပူက အထောက်အပံ့ပေးရာတွင် ကူညီပံ့ပိုးစေနိုင်မည်ဖြစ်ကြောင်း အဆိုပါ ရုပ်မြင်သံကြားက စင်ကာပူအမျိုးသားသဘာဝပတ်ဝန်းကျင်ဌာနကို ကိုးကား၍ ဖော်ပြသည်။

အာအီးအီးအီးပီသည် အစိုးရမဟုတ်သည့်အဖွဲ့ (အင်ဂျီအို)ဖြစ်ပြီး ၂၀၀၄ ခုနှစ် ဇွန်လက ဩစတြေးလျနိုင်ငံတွင် ထူထောင်ခဲ့ခြင်းဖြစ်သည်။ ယင်းအဖွဲ့က စဉ်ဆက်မပြတ် စွမ်းအင်စီမံကိန်းဆိုင်ရာ ယန္တရားများအတွက် ငွေကြေးထောက်ပံ့ရေး လွယ်ကူချောမွေ့စေရန်နှင့် သန့်ရှင်းသည့် စွမ်းအင်ဈေးကွက်များ ပေါ်ပေါက်စေရေးအတွက် ရှေ့ဆောင် ရှေ့ရွက်ပြုစေမည့် မူဝါဒများ ချမှတ်ပေးမည်ဖြစ်သည်။

ယခုလက်ရှိတွင် အဆိုပါ အဖွဲ့တွင် အစိုးရများ၊ နိုင်ငံစုံမှ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် အင်ဂျီအိုများ အပါအဝင် အဖွဲ့ဝင် ၁၆၀ ရှိသည်။ ရုရှားနိုင်ငံမှတစ်ပါး ချမ်းသာကြွယ်ဝသည့်နိုင်ငံ ရှစ်နိုင်ငံက ယင်းအဖွဲ့သို့ ဝင်ရောက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

စင်ကာပူနိုင်ငံတွင် ပြသလျက်ရှိသော ဆက်သွယ်ရေးနည်းပညာထုတ်ကုန်ပြပွဲတွင် ဆမ်ဆောင်းကုမ္ပဏီ၏ မိုဘိုင်းလ်ဖုန်းသစ်များကို ဇွန် ၂၂ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရိုဒီကျွန်းတွင် ပြုလုပ်သည့် အမျိုးသားအစောင့်တပ်ဖွဲ့၏ လေကြောင်းပြပွဲ၌ စစ်လေယာဉ်များ သရုပ်ပြပျံသန်းနေသည်ကို ဇွန် ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကူဝိတ်နှင့် ပါကစ္စတန် စီးပွားရေးဆက်ဆံမှု တိုးချဲ့မည်

အစ္စလမ္မာဘတ် ဇွန် ၂၂

ကူဝိတ်နိုင်ငံက ပါကစ္စတန်နိုင်ငံနှင့် ကဏ္ဍအသီးသီး အထူးသဖြင့်စီးပွားရေးနှင့် ကုန်သွယ်ရေးဆက်ဆံမှု၊ ရင်းနှီးမြှုပ်နှံရေးကဏ္ဍများတွင် ထပ်မံတိုးချဲ့ရန်ဖော်ဆောင်မည်ဟု သန္နိဋ္ဌာန်ချမှတ်ထားကြောင်း ကူဝိတ်စော်ဘွား အယ်လ်-ဂျေဘာအယ်လ်ဆာဘားက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ကူဝိတ်နှင့် ပါကစ္စတန်နှစ်နိုင်ငံ လက်မှတ်ရေးထိုးထားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များက အနာဂတ်ကာလတွင် ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများ တိုးမြင့်လာစေရေးအတွက် အထောက်အကူပေးနိုင်မည်ဟု မျှော်လင့်ထားကြောင်း ကူဝိတ် စော်ဘွားက ပါကစ္စတန်-ကူဝိတ် ရင်းနှီးမြှုပ်နှံမှု ညီလာခံတွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံနှင့် ပါကစ္စတန်ပြည်သူ လူထုအတွက် ဖွံ့ဖြိုးတိုးတက်ပြီး ချမ်းသာကြွယ်ဝစေရာတွင် အထောက်အကူပြုပြီး လုံခြုံမှုရှိစေသော အမြတ်အစွန်း ဖြစ်ထွန်းမည့် ရင်းနှီးမြှုပ်နှံမှုများကို ကူဝိတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများက ပြုလုပ်ကြတော့မည်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

မျှော်လင့်

လာမည့်အနာဂတ်တွင် ပါကစ္စတန်နှင့် ကူဝိတ်နိုင်ငံတို့သည် စီးပွားရေးအရ မိတ်ဖက်နိုင်ငံများအဖြစ်ပိုမိုရောက်ရှိလာမည်ဟု မျှော်လင့်ကြောင်း ကူဝိတ်စော်ဘွား အယ်လ်ဆာဘားက ပြောကြားသည်။***အမ်အင်အေ၊ ဆင်ဟွာ။***

အစ္စရေး၌ သန်းကြွယ်သူဌေး ဦးရေ မြင့်တက်

ဂျေရုဆလင် ဇွန် ၂၂

အစ္စရေးနိုင်ငံ၌ ၂၀၀၅ ခုနှစ်တွင် သန်းကြွယ်သူဌေးဦးရေသည် ၁၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း၊ ကမ္ဘာ့ပျမ်းမျှ သန်းကြွယ်သူဌေးဦးရေ၏ နှစ်ဆမျှရှိကြောင်း ဒေသဆိုင်ရာ ရီဒိုက်ယီရိုနို့သ်သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြသည်။

အစ္စရေးနိုင်ငံ၌ သန်းကြွယ်သူဌေးဦးရေသည် ၂၀၀၅ ခုနှစ်တွင် ၇၄၀၀ ရှိကြောင်း၊ အမွေပစ္စည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ပေါင်းနှံထားသော ပစ္စည်းများမပါဝင်ဘဲ ၎င်းတို့တစ်ဦးစီတွင် ငွေသား အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ ရှိကြောင်း အစ္စရေးရင်းနှီးမြှုပ်နှံမှုများကို ကိုးကား၍ သတင်းစာ၌ ဖော်ပြထားသည်။

၂၀၀၅ ခုနှစ်တွင် ကမ္ဘာ့သန်းကြွယ်သူဌေး ဦးရေသည် ၈ ဒသမ ၇ သန်းရှိပြီး ရာခိုင်နှုန်းအားဖြင့် ၆ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သတင်းစာက ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

စွမ်းအင်ဈေးကွက် ဖွင့်လှစ်ရန် ရုရှားနှင့်အီတလီ သဘောတူညီ

မော်စကို ဇွန် ၂၂

ရုရှားနှင့် အီတလီနိုင်ငံတို့တွင် နှစ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံလိုသူများ ရင်းနှီးမြှုပ်နှံနိုင်စေမည့် စွမ်းအင်ဈေးကွက်များ ဖွင့်လှစ်မည်ဖြစ်ကြောင်း ရုရှားနှင့် အီတလီ ခေါင်းဆောင်များက အင်္ဂါနေ့တွင် ပြောကြားသည်။

သဘောတူညီ

ရုရှားနိုင်ငံမှ စွမ်းအင်ကုမ္ပဏီများက အီတလီစွမ်းအင်ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံရေးနှင့် အီတလီနိုင်ငံမှ ကုမ္ပဏီများက ရုရှားနိုင်ငံတွင် ရေနံနှင့် ဓာတ်ငွေ့ထုတ်လုပ်ရေးဆိုင်ရာ သဘောတူညီချက်များကို ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အီတလီဝန်ကြီးချုပ် ရိုမာနိုပရော့ဒီတို့ ကရင်မလင်နန်းတော်တွင် ဆွေးနွေးခဲ့ကြပြီးနောက် သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

အီတလီနှင့် ရုရှားနိုင်ငံတို့သည် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး မျက်နှာစာသစ်ကို ဖွင့်လှစ်ခဲ့ပြီဟု ပရော့ဒီက ပြောကြားသည်။

ရင်းနှီးမြှုပ်နှံ

မိမိနိုင်ငံအနေဖြင့် ရောင်းသူ ဝယ်သူ ဆက်ဆံရေး အဆင့်သာမဟုတ်တော့ကြောင်း၊လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် ရုရှားနိုင်ငံသည် အီတလီစွမ်းအင်ဈေးကွက်သို့ လာရောက် ရင်းနှီးမြှုပ်နှံတော့မည်ဖြစ်ကြောင်း အီတလီဝန်ကြီးချုပ် ပရော့ဒီက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပါကစ္စတန်၌ စစ်ရဟတ်ယာဉ် ပျက်ကျ

အစ္စလမ္မာဘတ် ဇွန် ၂၂

ပါကစ္စတန် စစ်ရဟတ်ယာဉ်တစ်စင်းသည် ဗုဒ္ဓဟူးနေ့ စောစောပိုင်းက တိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်ရာဒေသရှိ ဆည်အတွင်းသို့ ပျက်ကျသွားကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူက ပြောကြားသည်။

ပျက်ကျ

ရဟတ်ယာဉ်တွင် တပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ် တပ်ဖွဲ့ဝင်များ လိုက်ပါလာကြပြီး ဘန်နူမြို့၏ အနောက်ဘက် ၁၀ ကီလိုမီတာ ခန့်အကွာရှိ ဆည်အတွင်းသို့ ဒေသစံတော် ချိန် နံနက် ၇ နာရီခွဲခန့်တွင် ပျက်ကျခဲ့ကြောင်း၊ ပါကစ္စတန်တပ်ဖွဲ့ဝင်အရာရှိတစ်ဦး သေဆုံးပြီး အခြားသုံးဦးမှာ ပျောက်ဆုံးနေကြောင်း ရဲအရာရှိရှာဝါလီခန်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

စင်ကာပူနိုင်ငံရှိ ဆေးသုတေသနဌာန၏ လုပ်ငန်းခွင် တစ်နေရာကို ဇွန် ၂၂ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်၌ ဗုံးပေါက်ကွဲ ကနေဒါတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိ

ကဘူး ဇွန် ၂၂

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ် တောင်ပိုင်းတွင် ဗုဒ္ဓဟူးနေ့က ကနေဒါတပ်ဖွဲ့ယာဉ်ကို ဦးတည်ထောင်ထားသော အဝေးထိန်း လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိကြောင်း ထိုဒေသရှိ အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီတွင် ပေါက်ကွဲမှုဖြစ်ပွားရာ ဒဏ်ရာရရှိသူတပ်ဖွဲ့ဝင်များကို ကန်ဒါဟာ ပြည်နယ်ရှိ မဟာမိတ်တပ်ဖွဲ့ဝင်များ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

(24-6)05.P65 1 32/23/1, 1:51 PM

၂၀၀၆ခုနှစ် ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

မိခင်သန့်

မြန်မာအမျိုးသမီးထုကြီး၏ အမျိုးသမီးများနေ့ စစ်စစ်သည်ကား ဇူလိုင် ၃ ရက်နေ့

မြန်မာအမျိုးသမီးတို့သည် မြန်မာ့စရိုက်၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့ထုံးတမ်းများကို အစဉ်အဆက် ကျင့်သုံးစောင့်စည်းကြသည်။ မိန်းမတို့ဣန္ဒြေ ရွှေပေးလို့မရ၊ ခြေတစ်လှမ်း ကုဋေတစ်သန်း စသည့် ဆိုရိုးစကားတို့သည် မြန်မာအမျိုးသမီးတို့၏ အစဉ်အလာဂုဏ်ပုဒ်များပင် ဖြစ်သည်။ ဘာသာတရား၏ အဆုံးအမ၊ မိဘဘိုးဘွား သက်ကြီးဝါကြီး ဆရာသမားများ၏ သွန်သင်မှုဖြင့် ကြီးပြင်းလာရသဖြင့် မြန်မာအမျိုးသမီးတို့သည် ယဉ်ကျေးသိမ်မွေ့ရာ၌ စံထားလောက်ကြခြင်းဖြစ်သည်။

ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးတို့တွင် မြန်မာအမျိုးသမီးတို့သည် အမျိုးသားများနှင့် ရင်ပေါင်တန်း နိုင်ကြပေသည်။ မြန်မာအမျိုးသမီးတို့ ဂုဏ်ယူဖွယ် အကောင်းဆုံးမှာ အမျိုးကိုစောင့်ရှောက်ခြင်းတည်းဟူသော ဝံသာနုရက္ခိတတရား လက်ကိုင်ထားကြခြင်း ဖြစ်လေသည်။ သိင်္ဂါလောဝါဒသုတ်လာ သားသမီးဝတ်ငါးပါးတွင် **"ကျွေးမွေးမပျက်၊ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှာမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ် ကျင့်ဖွယ်သားတို့တာ"** ဟူ၍ ဖော်ပြထားသည်။ ကျေးဇူးရှင် အမိအဖတို့ကို ရိုသေတုပ်ကွ လုပ်ကျွေးပြုစုကြရသည်။ အမိအဖတို့၏ဝေယျာဝစ္စများကို စီမံဆောင်ရွက်ပေးကြရသည်။ အမိအဖတို့၏ အမွေကိုခံယူထိုက်သော သားကောင်းသမီးမွန် ဖြစ်ရသည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင် သွာနုတ္တ (ခွေးနှင့်တူသော၊ ခွေးလိုမိုက်မဲသော၊ မိဘကို စိတ်ဆင်းရဲစေသော သားသမီး၊ မိဘကို စော်ကားပြုမူသော) သားသမီးတို့သည် မိဘအမွေမခံထိုက်ဟုဆိုသည်။ **လျှာမျှဝေ၍** ဟူရာ၌ အနန္တ ကျေးဇူးရှင် အမိအဖတို့အတွက် ကုသိုလ်ကောင်းမှုပြုလုပ်လှူဒါန်းပြီး အမျှဝေရခြင်းကို ဆိုလိုပေသည်။ **စောင့်လေမျိုးနွယ်**ဟူသည်ကား မြန်မာအမျိုးသမီးတို့ အလေးအနက် အထားရဆုံး ကျင့်ဝတ်ဖြစ်ပေသည်။

မြန်မာအမျိုးသမီးတို့သည် အမျိုးကိုစောင့်ထိန်းရာ၌ စံပြုလောက်၏။ တစ်ဦးတလေသော စုန်းပြူးများရှိ၏။ ထိုစုန်းပြူးများကို မျိုးဖျက်မဟုခေါ်ကြ၏။ ဆင်းရဲလွန်း၍ဖြစ်စေ၊ ပစ္စည်းဥစ္စာမက်လွန်း၍ ဖြစ်စေ လူမျိုးခြား၊ နိုင်ငံခြားသွေးပါသူတို့အား ယူမိသော အမျိုးသမီးများသည် မျိုးဖျက်စာရင်းဝင်ကာ လူအများ၏ တံတွေးခွက်တွင် ပက်လက်မျောရစမြဲဖြစ်၏။

ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံကို စိုးမိုးမင်းမူနေသော ဖက်ဆစ်ဂျပန်များနှင့် အိမ်ထောင်ပြုသည့် မြန်မာအမျိုးသမီးများ ကဲ့ရဲ့ ရှုတ်ချခံခဲ့ရသည်။ ဂျပန်ကတော် စိန်ကြည်ဆိုသူကို အစွဲပြုပြီး အခြားဂျပန်ကတော်များကိုပါ စိန်ကြည်ဟူ၍ နာမ်စားမှည့်ကာ ခေါ်ခဲ့ကြသည်။ သကြီန်သံချပ်များ၊ သီချင်းများတွင် **"စိန်ကြည်နော် စိန်ကြည် လင်ယူပက်စက်သည်၊ မာစတာက တိုကျိုပြန် ဗိုက်တစ်လုံးနဲ့ကျန်"**ဟု ဂျပန်စစ်ဗိုလ်၊ စစ်သားယူမိသည့် မြန်မာအမျိုးသမီးများ ခေါင်းမဖော်နိုင်အောင် ရှုတ်ချပြစ်တင်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ပြီးစ ဂျပန်တို့ လက်နက်ချသွားပြီးနောက် ဗြိတိသျှ၊ အမေရိကန်၊ ပြင်သစ်၊ ဩစတြေးလျ၊ အမေရိကန်နီဂရိုး လူမည်း စစ်တပ်(မြန်မာအခေါ် ကပ္ပလီအသားမည်း)များ မြန်မာနိုင်ငံတွင်း ချင်းနင်း ဝင်ရောက်လာသည်။ စစ်တွင်းကာလ၌ ထင်ပေါ်ကျော်ကြားခဲ့သည့် အမေရိကန်လုပ် စစ်သုံးဂျစ်(Jeep)ကားလည်း ပါလာသည်။ အမေရိကန် စစ်ဗိုလ်ဘေး၌ မျက်နှာပြောင်တိုက် တွဲထိုင်ပြီး အကြည်ဆိုက်နေသော မြန်မာအမျိုးသမီးအချို့ကို ဂျစ်လေဒီ၊ လေဒီဂျစ်ဟု သမုတ်ကာ ကဲ့ရဲ့ပြစ်တင်ခဲ့ကြသည်။ အမေရိကန်တို့ ပြန်သွားကြသောအခါ လေဒီဂျစ်၊ ဂျစ်လေဒီတို့လည်း စိန်ကြည်ကဲ့သို့ပင် ကျန်ရစ်ခဲ့ကြသည်။

ပါကစ္စတန်တွင် ဘနာဇီဘူတိုသည် အမျိုးသမီးဝန်ကြီးချုပ် ဖြစ်လာသည်။ အစ္စရေးတွင် ဂိုလ်ဒါမေယာသည် ဝန်ကြီးချုပ်ဖြစ်ခဲ့သည်။ သီရိလင်္ကာတွင် မစ္စစ်ဘန္ဒရာနိုက်ကေးနှင့် ကုမာရတွန်ဂါတို့သည် အမျိုးသမီးဝန်ကြီးချုပ်နှင့် သမ္မတများ ဖြစ်ခဲ့၏။ အိန္ဒိယတွင် အင်ဒီရာဂန္ဒီသည် အမျိုးသမီးဝန်ကြီးချုပ်ဖြစ်ခဲ့သည်။ ဖိလစ်ပိုင်တွင် ကိုရာဇွန်အကွီနိုသည် သမ္မတဖြစ်ခဲ့ပြီး ယခုသမ္မတ အာရိုယိုမှာလည်း အမျိုးသမီးပင် ဖြစ်သည်။ ဗြိတိသျှဝန်ကြီးချုပ် မာဂရက်သက်ချာ၊ ဂျာမန်လက်ရှိ ဝန်ကြီးချုပ် အင်ဂျီလာမာကဲလ်တို့သည်လည်း အမျိုးသမီးများပင်ဖြစ်သည်။ အခြားကမ္ဘာ့အမျိုးသမီး ထိပ်တန်းခေါင်းဆောင်များလည်း ရှိပါသေးသည်။ အာရှကပို၍များပါသည်။ ထိုကမ္ဘာ့အမျိုးသမီး နိုင်ငံအကြီးအကဲ၊ နိုင်ငံရေး ခေါင်းဆောင်များသည် မျိုးစောင့်တရား လက်ကိုင်ထားကြကာ မိမိတို့လူမျိုးတူများနှင့် အိမ်ထောင်ပြုထားကြသည်ကို သတိပြုမိပေသည်။

ပါကစ္စတန်သမ္မတ အလီဘူတိုဖြုတ်ချ၊ လုပ်ကြံသတ်ဖြတ်ခံရသဖြင့် သမီးဖြစ်သူ ဘနာဇီဘူတိုသည် အင်္ဂလန်သို့ သွားရောက်ခိုလှုံနေခဲ့၏။ ကိုယ့်တိုင်းပြည်ပြန်ပြီး နိုင်ငံရေးလုပ်ခွင့်ရပြီဆိုသည်နှင့် ဘနာဇီသည် ပါကစ္စတန်သို့ပြန်လာပြီး ပါကစ္စတန်အမျိုးသားနှင့် အိမ်ထောင်ပြုလိုက်၏။ သတင်းထောက်များက နိုင်ငံရေးလုပ်ရန် ပြည်တော်ပြန်လာပြီး ချက်ချင်းခဏဆိုသလို အိမ်ထောင်ပြုလိုက်တာ ဘာကြောင့်ပါလဲဟု မေးတော့ ဘနာဇီဘူတိုက "ကျွန်မနိုင်ငံရေးလုပ်တော့မယ်၊ စည်းရုံးရေးဆင်းရမယ်၊ အမျိုးသားတွေနဲ့ တွဲဖက်လုပ်ကိုင်ရမယ်။ အဲဒီအခါ လူပြောစရာမဖြစ်အောင် အိမ်ထောင်ပြုထားလိုက်တာပဲ၊ အိမ်ထောင်ပြုပြီဆိုရင်လည်း ကိုယ်နဲ့လူမျိုးတူကိုပဲ လက်ထပ်ယူရမှာပဲ"ဟု ဖြေလိုက်သည်။ အမျိုးစောင့်လေစွ တကား။

မြန်မာ့သမိုင်းတွင် ထိပ်တန်းရောက် မြန်မာအမျိုးသမီးအကျော်အမော်များ ရှိခဲ့သည်။ တကောင်းမှ ဘဒ္ဒနုဝတီ၊ သရေခေတ္တရာမှ မာလာစန္ဒီ၊ ဗိဿနိုးမှ ပန်ထွာမင်းသမီး၊ ဟံသာဝတီမှ ရှင်စောပု၊ ပုဂံခေတ် မိဖုရားဖွားစော၊ အင်းဝခေတ် ရစိယပဘာမင်းသမီး၊ ကုန်းဘောင်ခေတ် နန်းမတော်ရှင်မင်းနု၊ ဆင်ဖြူရှင်မိဖုရား၊ စကြာဒေဝီမိဖုရားနှင့် စုဖုရားလတ်တို့ ဖြစ်ကြသည်။ သူတို့သည် အမျိုးဘာသာ၊ သာသနာကို စောင့်ရှောက်တတ်သူများဖြစ်သည်။ အမျိုးစောင့်ကြသည်။ ထက်ကြသည်။ စုဖုရားလတ်သည် အင်္ဂလိပ်ကျူးကျော်မှုကို ခံမတိုက်ရန် ကန့်ကွက်နေသည့် အမတ်ကြီးတစ်ဦးအား ကျောက်ပြင်နှင့် ထဘီပို့လိုက်မယ်ဟုပင် ပြောချခဲ့ဖူးသည်။

၁၈၈၅ ခုနှစ် ဗြိတိသျှ(အင်္ဂလိပ်)တို့ တတိယအကြိမ် ကျူးကျော်စစ်ဖန်တီးစဉ် တောင်ပေါ်မြေပြန့်မှ တိုင်းရင်းသားမျိုးချစ် ပြည်ချစ် အမျိုးသား၊ အမျိုးသမီးအာဇာနည်များ သူ့ကျွန်မခံ မြန်မာ့ဇာတိမာန်ဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့သည်။

ဝက်ထီးကန်တိုက်ပွဲ၌ ရှမ်းအမျိုးသမီးတစ်စု၏ ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ပုံကို ဗြိတိသျှတို့၏ မှတ်တမ်းများ၌ ချီးကျူးဖော်ပြထားသည်။ နတ်မောက်နယ်ဘက်၌ ရွှေဓားဗိုလ်ဦးမင်းပိုနှင့်အတူ လက်တွဲ၍ ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်ခဲ့သော ပင်းယအတွင်းဝန်မင်း၏သမီး ပင်းခင်ခင်၊ မုံရွာခင်လေးကြီးနှင့် ပုဂံဗိုလ်ချုပ်၏ ဇနီး၊ ချင်းတောင်တန်း ရှယ်လုံးခံတပ် တိုက်ပွဲ၌ အသက်စတေးခဲ့ကြသော ချင်းတိုင်းရင်းသူ လမ်ကြိုင်မ်၊ လှိုင်ဝန်ဟွဲနူမ်၊ ဝုန်နင်မ်၊ အွမ်ဟဲနယန်ကြိုင်းမ်၊ ဒင်မ်ငြမ်စသည့် တိုင်းရင်းသူ အာဇာနည်များသည် နယ်ချဲ့သမားကို သမိုင်းတွင်အောင် တိုက်ခိုက်ခဲ့ကြသည်။

နယ်ချဲ့လက်မှ လွတ်လပ်ရေးပြန်လည်တိုက်ယူရာ၌ စွန့်လွှတ်စွန့်စားပါဝင်ကြိုးပမ်းခဲ့သည့် အလုပ်သမား၊ လယ်သမား၊ ကျောင်းသူ၊ ပညာတတ်လူငယ် မျိုးချစ်တိုင်းရင်းသူများ၏ အမည်များကို စာရင်းလုပ်လျှင် စာမျက်နှာများစွာ လိုအပ်ပေလိမ့်မည်။ သခင်မဒေါ်အေး၊ သခင်မ ဒေါ်အောင်၊ သခင်မဒေါ်ဆယ်၊ ဒေါ်မြမြ၊ ဒေါ်မေခင်၊ ဒေါ်အေးကြည်၊ ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ခဲ့သည့် ဒေါ်ခင်စီ၊ ဒေါ်စောမြ၊ ဒေါ်နှင်းဆီ၊ ဒေါ်စန်းစန်း(ချောက်)၊ ဒေါ်ငွေခင်၊ ဒေါ်ရင်ရွှေ စသည် စသည်တို့ကား ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ချစ်လွန်း၍ နယ်ချဲ့ကို ကိုယ်ကျိုးစွန့်တိုက်ခဲ့ကြသော အာဇာနည်အမျိုးသမီးများ ဖြစ်သည်။

မြန်မာအမျိုးသမီးများသည် မြန်မာ့သမိုင်းနှင့် ထက်ကြပ်ပါလာကာ လွတ်လပ်ရေးကို ပြန်လည်တိုက်ယူရာ၌ လည်းကောင်း၊ လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးမခံရစေရန် ကာကွယ်စောင့်ရှောက်ရာ၌ လည်းကောင်း၊ ပြည်တွင်း ငြိမ်းချမ်းရန် ကြိုးပမ်းရာ၌လည်းကောင်း၊ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်ရာ၌ လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၊ တိုင်းဆူ ပြည်ဖျက်လုပ်သူများ၊ နယ်ချဲ့လက်ဟောင်းလက်သစ်များအား အလစ်မပေး ဆန့်ကျင်တိုက်ခိုက်ရာ၌လည်းကောင်း အမျိုးသမီးထုကြီး တစ်ရပ်လုံး ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ပြည်တွင်းမှာနေပြီး ပြည်သူ့အားကို ဖြည့်တင်းကြလျက် ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်လျက်ရှိကြသည်။

အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရန် တူညီစွာ သန္နိဋ္ဌာန်ချထားပြီးဖြစ်သည့် မြန်မာတိုင်းရင်းစုံ အမျိုးသမီးထုကြီးသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တွင် ညီညွတ်စည်းလုံးစွာ စုစည်းပါဝင်လျက်ရှိသည်။ အဖွဲ့ဝင်အမျိုးသမီး သန်းပေါင်းများစွာ ပါဝင်သော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည် မြန်မာအမျိုးသမီးများနေ့ကို နှစ်စဉ် ဇူလိုင်လ ၃ ရက်နေ့တိုင်း၌ ဆင်ယင်ကျင်းပမြဲဖြစ်သည်။ အမျိုးသမီးများနေ့ အခမ်းအနားများကျင်းပကာ မြန်မာအမျိုးသမီးထု၏ တိုင်းကျိုးပြည်ပြု စေတနာဆန္ဒများ အကောင်အထည်ဖော်ရန် သန္နိဋ္ဌာန်ချလေ့ရှိသည်။ ကမ္ဘာ့အမျိုးသမီးများနေ့ဟူ၍ ကမ္ဘာနှင့်ချီပြီး ကျင်းပလျက် ရှိသကဲ့သို့ နိုင်ငံအလိုက် အမျိုးသမီးများနေ့ဟူ၍လည်း အသီးသီး အသက ကျင်းပကြသည်။ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ် ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာ အမျိုးသမီးများနေ့ဟူ၍ သတ်မှတ်ကျင်းပလျက် ရှိပေသည်။ အမျိုးသမီးများနေ့ဟူသော အသုံးအနှုန်း ကိုယ်၌ကပင် ဗဟုဝုစ်ကိန်းကို ဆောင်ပေသည်။ အမျိုးသမီးနေ့မဟုတ် အမျိုးသမီးများနေ့ဖြစ်သည်။ များဟူသော ဗဟုဝုစ်ကိန်း ပါလာသဖြင့် အမျိုးသမီးအားလုံး၊ အမျိုးသမီးထုကြီးတစ်ရပ်လုံးကို ဂုဏ်ပြုကျင်းပခြင်းဖြစ်ပေသည်။ အမျိုးသမီးတစ်ယောက်၏ နေ့မဟုတ်ပေ။

အမျိုးသမီးများ၊ အမျိုးသမီးအားလုံး၊ အမျိုးသမီးထုဟူ၍ ဗဟုဝုစ်ကိန်းကို ဖော်ညွှန်းခြင်းမှာ မြန်မာနိုင်ငံမှ အမျိုးသမီးများ အပါအဝင် ကမ္ဘာ့အမျိုးသမီးများသည် မိမိတို့နိုင်ငံနှင့်လူမျိုး လွတ်လပ်ရေးကို မြတ်နိုးကြသည်။ ငြိမ်းချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်လိုကြသည်။ အမျိုးသမီးအားလုံး၏ဘဝ ဖူလုံတိုးတက်ရန် စုပေါင်းကြိုးပမ်းလိုကြသည်။ မြန်မာအမျိုးသမီးများနေ့သည် ဂုဏ်ယူ၊ ဂုဏ်ပြု၊ ဂုဏ်တင်လောက်သော မျိုးချစ်ပြည်ချစ်၊ နယ်ချဲ့ဆန့်ကျင်ရေးအစဉ်အလာ၊ လွတ်လပ်ရေးကြိုးပမ်းမှု၊ လွတ်လပ်ရေး ထာဝရတည်တံ့ခိုင်မြဲအောင် ကြိုးပမ်းမှု အစဉ်အလာ၊ မျိုးစောင့်(ဝံသာနုရက္ခိတ)အစဉ်အလာကြီးမားသော မြန်မာ့သမိုင်းထဲမှ မြန်မာစင်စစ် မျိုးချစ်မြန်မာအမျိုးသမီးများကို ဂုဏ်ပြုလျက် မျက်မှောက်ကာလ အမျိုးသမီးများ၊ ရှေးက အဘွား၊ အမေ၊ အဒေါ်၊ အစ်မတို့၏ အစဉ်အလာကောင်းကို အမွေခံကြရန် ကျင်းပခြင်းဖြစ်ပေသည်။ မြန်မာလူဦးရေအားလုံး ၅၄ သန်း၏ ထက်ဝက်ကျော်မှာ အမျိုးသမီးဦးရေဖြစ်သည်။ အမျိုးကို စောင့်ရှောက်လျက်ရှိသော ယနေ့ မြန်မာအမျိုးသမီး သန်း ၃၀ ခန့်ကို ဂုဏ်တင်သောနေ့ဖြစ်သည်။

နိုင်ငံခြားမှာ ပျော်သလို၊ ပျော်သလောက်နေ၊ နိုင်ငံခြားသားရင်ခွင်၌ တိုင်းမေ့၊ ပြည်မေ့ နေထိုင်ခဲ့ပြီးမှ နယ်ချဲ့စစ်တုရင်ခုံပေါ်မှ နယ်ရုပ်ကလေးတစ်ရုပ်ပမာ ခုံတင်ရွှေ့ကစားခံရရင်း၊ မြန်မာနိုင်ငံသို့ မမျှော်လင့်ဘဲ ရောက်လာ၊ ပွပေါက်တိုးပြီဆိုကာ မြန်မာ့နိုင်ငံရေးကို တတ်ယောင်ကားနှင့်ဝင်ရှုပ်၊ နိုင်ငံကို တိုင်းခြားသားလက် ထိုးအပ်ရောင်းစားရန် ကြံနေသော၊ နိုင်ငံတည်ငြိမ်အေးချမ်းဖွံ့ဖြိုးမှုကို ပြည်ပက ငါးမျှားချိတ်တွင် တပ်ပေးထားသည့် ဆုပေါင်း ၈၂ ဆုနှင့် လဲယူလျက် အပိုဆုဒေါ်လာသန်းပေါင်းများစွာ ယူခဲ့သော ဘိုးဘွား၊ မိဘတို့၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်နှင့် လွတ်လပ်ရေးစိတ်ဓာတ်ကို သွေဖည်သော အမျိုးသမီးတစ်ဦး၏ မွေးနေ့ကို အမျိုးသမီးများနေ့ဟု အရှက်မရှိကြွေးကြော်နေသံများကိုလည်း သခွတ်ပင်က မီးတကျီကျီ ကြားနေရပေသည်။ ဇူလိုင်လ ၃ ရက်နေ့သည် ဇွန်လ ၁၉ ရက်နေ့နှင့်မတူ။ ဇွန်လ ၁၉ ရက်နေ့သည် သာမန်အမျိုးသမီးတစ်ဦး၏ မွေးနေ့သာဖြစ်ပြီး ဇူလိုင်လ ၃ ရက်နေ့သည်သာ မြန်မာအမျိုးသမီးများနေ့၊ မြန်မာ့သွေးစစ်စစ် အမျိုးသမီးထုကြီးအား ဂုဏ်ပြုသည့်နေ့ ဖြစ်ပေသည်။ နယ်ချဲ့အလိုကျ နိုင်ငံဆူပူ ပျက်စီးအောင် နှိုးဆွ၊ ဥပဒေ မှန်သမျှ ပျက်စီးအောင် ထိပ်တိုက်ရင်ဆိုင်လုပ်၊ တိုင်းရင်းသားပြည်သူများ တိုးတက်ဖွံ့ဖြိုးမှုကို ပြည်ပက ပိတ်ဆို့အောင် သူခိုးဓားရိုးကမ်းနေသော မျိုးဖျက်အမျိုးသမီး လက်တစ်ဆုပ်စာသည် မည်မျှပင် အသံကောင်း ဟစ်ပါစေ၊ ကျီးကန်းခေါင်းယောင်ဆောင်ပြီး တွန်လိုက်သောအခါ ခေါင်းအိုးဝေသံ ထွက်မလာဘဲ ကျီးအာသံ တအား အားသာ ထွက်လာမည် ဖြစ်ပေသည်။ ရှေးမြန်မာအဘွား၊ အမေတို့၏ မျိုးချစ်စိတ်ဓာတ်၊ မျိုးစောင့်စိတ်ဓာတ် အမွေခံ မြန်မာအမျိုးသမီးများ၏နေ့ကား ဇူလိုင်လ ၃ ရက်နေ့ (ရက်ရာဇာကျသောနေ့ရက်)သာ ဖြစ်သည်ဟု ဆိုလိုက်ပါမည်။ ။

ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို စေတနာရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၃

၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် "မြန်မာအမျိုးသမီးများနေ့"ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်များက အလှူငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

"မြန်မာအမျိုးသမီးများနေ့"ကို ဂုဏ်ပြု ကြိုဆိုသော အား ဖြင့် မြန် မာ နိုင် ငံ အမျိုးသမီး ရေး ရာ အဖွဲ့ချုပ်သို့ စေတနာရှင်များ က အလှူငွေ ပေး အပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံအမျိုး သမီးရေးရာအဖွဲ့ ချုပ်ဥက္ကဋ္ဌ ဒေါ်သန်း သန်းနွဲ့ထံ နိုင်ငံ တော် အေးချမ်း သာ ယာရေးနှင့် ဖွံ့ဖြိုးရေး ကောင် စီဝင်များ၏ ဇနီး များက ငွေကျပ် သုံးသိန်း ပေး အပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်သက်ဌေး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများက ငွေကျပ်သုံးသိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ်သိန်း ၃၀၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့က ငွေကျပ်ငါးသိန်းစီ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့က ငွေကျပ်တစ်သိန်းစီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ငွေကျပ် ငါးသိန်းစီ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းက ငွေကျပ်သုံးသိန်း၊ ဗိုလ်မှူးမောင်လတ်(ငြိမ်း)-ဒေါ်နန်းယဉ်ယဉ် (စိုးစံဘော်ဒါဆောင် ပြင်ဦးလွင်မြို့)က ငွေကျပ် ၇၅သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ငွေကျပ်နှစ်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနက ငွေကျပ်တစ်သိန်း၊ ဦးတေဇ(ထူးထရေးဒင်းကုမ္ပဏီ)၊ ဦးမောင်ဝိတ် (မောင်ဝိတ်မိသားစု)၊ ဦးအောင်သန်းဦး (ပင်လယ်ကိုးသွယ်ရောင်းဝယ်ရေးလုပ်ငန်း)၊ ဦးမြင့်ဦး (သီဟရာဇာကုမ္ပဏီ)၊ ဦးမောင်မောင်အောင် (အဏ္ဏဝါအောင်ရေလုပ်ငန်း)၊ ရွှေဖျိုင်းဖြူကုမ္ပဏီ၊ ခနေအောင်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း-ဒေါ်ခင်ချိုအုန်း(ဒုတိယညွှန်ကြားရေးမှူးရှေ့နေချုပ်ရုံး)၊ ဦးနေအောင်-ဒေါ်ခင်မိုးညွန့် (အောင်ရီဖြိုးကုမ္ပဏီလီမိတက်)၊ ဦးအောင်မိုးကျော် (အင်တာနေရှင်နယ်ထရေးဒင်း ကုမ္ပဏီလီမိတက်)၊ M.G.S. Star Colar၊ သီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်း-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နီ (ရွှေသံလွင်ကုမ္ပဏီ)နှင့် ယုဇန ဦးဌေးမြင့်တို့က ငွေကျပ် ၁၀သိန်းစီ၊ ဦးဇော်မိုးခိုင်-ဒေါက်တာစောနေနွယ်၊ (သမီး) မီးမီးမိုး (A A Medical Products Co. Ltd) နှင့် ဦးထွန်းမြင့်-ဒေါ်အေးအေးညွန့် (KSS. Co., Ltd) တို့က ငွေကျပ် ငါးသိန်းငါးသောင်းစီ၊ ဦးချစ်ခိုင် (ဒေင်အုပ်စုကုမ္ပဏီလီမိတက်)၊ မြန်မာငါးဘုရင် (Myanmar King Fish Co. Ltd)၊ ကိုအောင်သန်းမြင့်နှင့် အစ်မဒေါ်စန်းစန်းမြင့်(Super Power Co., Ltd)၊ ဦးသိန်းဟံ (Tokyo Pipe Myanmar Pipe Co., Ltd)၊ ဦးဇော်ဇော်-ဒေါ်ဌေးဌေးခိုင် (Max Myanmar Co., Ltd)၊ ဒေါ်ခိုင်ဇော် (President Earth Industrial Myanmar Co., Ltd)၊ ဦးကျော်ကျော် (OK Myanmar Co., Ltd) (SANYO) ၊ ဒေါက်တာခင်စောရီ (မြန်မာအင်ပါယာ အင်တာနေရှင်နယ်လီမိတက်နှင့် တော်ဝင်စံထား ကုမ္ပဏီလီမိတက်)၊ ဦးရန်နိုင်နှင့် မြန်မာ့လယ်ယာကိုင်းကျွန်း သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့က ငွေကျပ် ငါးသိန်းစီ၊ ဦးသိန်းမောင်-ဒေါ်ပါးပါး အမှူးထား၍ (စန္ဒီပရဆေးမိသားစု) က ငွေကျပ် သုံးသိန်းသုံးထောင်၊ ဦးဟိုစွမ်-ဒေါ်အေးအေးမူ (ဘုန်းဟန်ကျော် ရတနာရွှေဆိုင်)၊ ဦးညိုမင်း-ဒေါ်ဥမ္မာလွင် (Min Zar Ni Co., Ltd)၊ မိုးဟိန်းကုမ္ပဏီလီမိတက်၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးမြတ်နွယ် (Bagan Hotel & Tourism) နှင့် ဒေါ်မြင့်မြင့်အေး (ဆရာမ၊ ရွှေဘုံသာလမ်း) တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးတင်လှ-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ(လူမှုထူးချွန်ဒုတိယဆင့်) ဒေါ်အေးအေးကြည်၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နန်းမွန် (MWEA)၊ ဦးကျော်အောင်-ဒေါ်ရင်ဟွမ် (Benhur Co., Ltd)၊ ဦးဇော်မင်း (မင်္ဂလာကုမ္ပဏီ)၊ ဦးသိန်းလှ(အမေရိကန်ဖွီးရှင်း)၊ ဦးပွင့်ကောင်း-သီရိသုဓမ္မမဏိဇောတဓရ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ (ရွှေပုဇွန်မိသားစု)နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့က ငွေကျပ်နှစ်သိန်းစီ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီး၊ ဗိုလ်မှူးချုပ် စည်သူတင်ဖေ(ငြိမ်း)၊ ဒေါ်သိန်းဆိုင် (စာရေးဆရာမကြီး မမြတ်လေးမိသားစု)၊ အဂ္ဂမဟာသီရိ သုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ သီဟသုဓမ္မသိင်္ဂီ ဒေါ်ဆယ်၊ ဦးကျော်စိုး-ဒေါ်လှဝတီ (အတွင်းရေးမှူး MWEA)၊ ဒေါက်တာအောင်ကျော်ဝင်း-ဒေါက်တာသက်သက်ခိုင် (ရွှေနန်းတော်ရတနာရွှေဆိုင်)၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်-သီဟသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္မတသက်န်းတိုက်)၊ ဦးတင်ဦး-ဒေါ်လှမြင့် (ရွှေစင်ရတနာရွှေဆိုင်)၊ ဦးကျင်း-ဒေါ်ချောစုမြတ် (အကျင်းနှင့်ညီများ တာယာရောင်းဝယ်ရေးလုပ်ငန်း)၊ မချိုသီရိမောင် (Milikha Engineering Limited)၊ မလဲ့လဲ့အေး (D-Nine Fashion Shop ယုဇနပလာဇာ)၊ ဦးဟန်အောင်-ဒေါ်ကြည်ကြည်ငြိမ်း (Executive Director Synergy Co., Ltd)၊ ရွှေထီးပုံနှိပ်တိုက်၊ Eleven ဂျာနယ်၊ နက္ခတ္တရောင်ခြည်၊ ရောဝဏ်ပုံနှိပ်တိုက်၊ ရွှေစင်ပုံနှိပ်တိုက်၊ အလင်္ကာဝတ်ရည်၊ ရွှေနိုင်ငံစာပေတိုက်၊ ကြောင်နှစ်ကောင်စာပေတိုက်၊ ဦးလှဌေး-သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်နွယ်ဦး (မှန်ချိုဆေးတိုက်)၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး၊ ကျော်ဇေရုပ်ရှင်မှ ကိုဇော်မျိုးအောင်-မမြင့်မြင့်သန်းနှင့် ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (Sum Myanmar Co., Ltd) တို့က ငွေကျပ် တစ်သိန်းစီ၊ ဦးအေးမြင့် - ဒေါ်မြင့်မြင့် (ရာသက်ပန်စတိုး ဗိုလ်ချုပ် အောင်ဆန်းဈေး)၊ ဦးတင်ထွန်းကျော်-ဒေါ်ခင်ဆွေမြင့် (O.K Man Co., Ltd)၊

"မြန်မာအမျိုးသမီးများနေ့"ကို ဂုဏ်ပြု ကြိုဆိုသော အား ဖြင့် မြန် မာ နိုင် ငံ အမျိုးသမီး ရေး ရာ အဖွဲ့ချုပ်သို့ စေတနာရှင်များ က အလှူငွေ ပေး အပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံအမျိုး သမီးရေးရာအဖွဲ့ ချုပ်ဥက္ကဋ္ဌ ဒေါ်သန်း သန်းနွဲ့ထံ ပြန် ကြားရေးဝန်ကြီး ဌာနက ငွေကျပ် နှစ်သိန်း ပေး အပ် လှူဒါန်းစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❖

မြန်မာအမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2006

ဒို့မြန်မာအမျိုးသမီးများနေ့

❒ **ဒို့မြန်မာ အကျိုးစီးပွားအတွက်**
ဒို့မြန်မာ အမျိုးသမီးများက
နိုးကြားလို့ ညီညွှတ်စွာ။
အမျိုးသမီးရေးရာ အဖွဲ့ကြီး
ဖွဲ့စည်းခဲ့ပါ။
ဇူလိုင်လ ၃ ရက်ဟာ
ဒို့မြန်မာ အမျိုးသမီးများနေ့။
ကမ္ဘာမြေတည်သရွေ့
စွဲမှတ်မယ်လေ။

❒ **ကျွန်မမှာ မိန်းမသားရယ်လို့**
သူစိမ်းအား မခိုမှီ။
အမျိုးချစ် အမျိုးမပစ်ပါဘဲ
မျိုးစစ်ဖို့ရည်။
အငြိုးမကြီးပေမယ့်
အမျိုးသမီးလဲ အသည်းမာသည်
မြန်မာပြည်ဇာတိသွေး။
မြန်မာမှန် မျိုးဂုဏ်စောင့်ပါလို့
ရိုးဖြောင့်တယ်လေး။

❒ **ယဉ်ကျေးမှု အမွေအနှစ်**
သွေမစစ် ရှောင်မခွာ။
လူကုန်ကူး အကြမ်းဖက်
ပျောက်ပျက်စေရာ။
ဝိုင်းဝန်းလို့ ကြိုးစားကာ
အမျိုးသမီးရေးရာ ဦးဆောင်ပေး။
ဥပဒေရှုထောင့်များရယ်နဲ့
စီးပွားရေး အမြင်ကျယ်ဖို့
အမျိုးသမီးငယ် ရွယ် လတ်တို့ကို
မပြတ်ဆွေးနွေး။

❒ **သမီးငယ် သားငယ်လေးတွေရဲ့**
ပညာရေး အလေးမူ။
ကျောင်းအပ်နှံနိုင်ဖို့ရေး
ဖေးမဝိုင်းကူ။
တတ်အားသမျှ ပေးလှူ
ဖြူစင်တဲ့နှလုံးသား။
အစ်မကြီး အမိအရာ....တဲ့
အသိမှာ စေတနာနဲ့
မေတ္တာဆင့်ကာပေးတယ်
နွေးထွေးစွတကား။

❒ **ဒို့မြန်မာ အကျိုးစီးပွားအတွက်**
ဒို့မြန်မာ အမျိုးသမီးများက
နိုးကြားလို့ ညီညွှတ်စွာ။
အမျိုးသမီးရေးရာ အဖွဲ့ကြီး
ဖွဲ့စည်းခဲ့ပါ။
ဇူလိုင်လ ၃ ရက်ဟာ
ဒို့မြန်မာ အမျိုးသမီးများနေ့။
ကမ္ဘာမြေတည်သရွေ့
စွဲမှတ်မယ်လေ။

[၂၀၀၆ ခုနှစ်၊ ဇူလိုင်လ(၃)ရက်
မြန်မာအမျိုးသမီးများနေ့ကို ကြိုဆို
ဂုဏ်ပြုလျက်]

မရွှေအေး(ဟဲဟိုး)

(24-6)07.P65 1 32/23/1, 1:51 PM

✳ ရပ်ရွာအေးချမ်းသာယာရေးမှ

တင်ပြချက်များနှင့်စပ်လျဉ်း၍ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်တစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စီမံကိန်းများအောင်မြင်လာသည်နှင့်အမျှ နယ်စပ်ဒေသများပါမကျန် နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်မှုရရှိလာသည်ကို လက်တွေ့သိမြင် ခံစားနေကြရပြီဖြစ်ကြောင်း။

တိုးချဲ့စိုက်ပျိုး

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ ဖြစ်ထွန်းတည်ရှိမှသာ ဒေသဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် မိမိဒေသ အေးချမ်းတည်ငြိမ်မှုရရှိရေးအတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းကြိုးပမ်း တည်ဆောက်ကြရန် တိုက်တွန်းလိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်၏စီမံကိန်းများအောင်မြင်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးတို့အတွက် အောက်ခြေအထိကွင်းဆင်းပြီး ပိုမိုကြိုးပမ်းအားထုတ်ကြရန် လိုကြောင်း၊ ပဲခူးတိုင်းအတွင်း ယခုနှစ်တွင် မိုးစပါးဧက သိန်း ၃၀ ပြည့်အောင် စိုက်ပျိုးရန် ကြိုးပမ်းလျက်ရှိရာ ကျောက်ကြီးမြို့နယ် အနေဖြင့်လည်း မိုးစပါးဧက ၈၀၀၀၀ ပြည့်မီအောင် စိုက်နိုင်မှသာ ပဲခူးတိုင်း၏ ရည်မှန်းချက်ပြည့်ဝမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အထူးကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အလားတူ ဆန်ဖူလုံမှုမရှိသေးသည့် အခြားပြည်နယ်နှင့် တိုင်းများအတွက်ပါ စိုက်ပျိုးနိုင်သည့် မြေသယံဇာတရှိသော ပဲခူးတိုင်းက ပိုမိုတိုးချဲ့စိုက်ပျိုးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျောက်ကြီးမြို့နယ်အနေဖြင့်လည်း မိုးစပါးကိုလျာထားချက် ပြည့်မီကျော်လွန်ရေးအတွက် တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း။

ဝင်ငွေမြင့်မားလာမည်

ထို့အတူ အဓိကသီးနှံ ၁၀ မျိုး အပါအဝင် အမယ်သစ်သီးနှံ ငရုတ်ကောင်းနှင့် ဇီဝဒီဇယ် လောင်စာဆီ ထုတ်ယူသုံးစွဲနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကိုလည်း တစ်ပိုင်တစ်နိုင်မှသည် တစ်အုပ်တစ်မအထိ စိုက်ပျိုး၍ နိုင်ငံတော်က စီမံလျာထားသည့် စီမံချက်အတိုင်း ပြည့်မီအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မွေးမြူရေးအနေဖြင့် ဒေသကြက်ကို အိမ်တိုင်းမွေးမြူကြရန်နှင့် ဘဲ မွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ် မွေးမြူကြရန်လိုအပ်ကြောင်း၊ သို့မှသာ ကျောက်ကြီးမြို့နယ်၏ စီးပွားရေးနှင့် လူတစ်ဦးချင်း ဝင်ငွေတို့မှာ မြင့်မားလာမည်ဖြစ်ကြောင်း။

အလားတူ မြို့အင်္ဂါရပ်နှင့်အညီ မိမိဒေသ၊ မိမိမြို့ သန့်ရှင်းသပ်ရပ်လှပစေရေးအတွက်လည်း ကြိုးပမ်းလက်တွဲဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ကျောက်ကြီးမြို့ လမ်းဘေးဝဲ/ယာတစ်လျှောက်၌ မိုးစပါးစိုက်ပျိုးရန် ထွန်ယက်ပြီးစီးမှုနှင့် ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

❖ စာမျက်နှာ ၇ မှ

ဒေါက်တာစိန်မြင့်-ဒေါ်မြသန္တာနှင့် Infinity တို့က ငွေကျပ် ငါးသောင်းစီနှင့် မသီရိမြင့်(မဖြူဖြူယိုစုံ)က ငွေကျပ်နှစ်သောင်းတို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ လှူဒါန်းပွဲတွင် အလှူရှင် ၇၇ဦးတို့က အလှူငွေ စုစုပေါင်း ငွေကျပ် ၃၇၁၂၃၀၀၀ လှူဒါန်းကြောင်း သိရသည်။

(သတင်းစဉ်)

ကျောက်မျက်နှင့် ပုလဲအတွဲများ ရောင်းချ ပုလဲ ၆၉တွဲနှင့် ကျောက်မျက်အတွဲ ၃၀ ရောင်းချရ

ရန်ကုန် ဇွန် ၂၃

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ၂၀၀၆ ခုနှစ် ကျောက်စိမ်း ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲတွင် ခန်းမ မြေညီထပ်၌ ပုလဲအတွဲများကို ယူရိုငွေဖြင့် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုကိုလည်းကောင်း၊ အပေါ်ထပ်ရှိ ဈေးပြိုင်ခန်းမ၌ ကျောက်မျက်အတွဲများကို ယူရိုငွေဖြင့် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုတို့ကို လည်းကောင်း ကြည့်ရှုအားပေးပြီး ဈေးပြိုင်ဆွဲဝယ်နေကြသော ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

အထူးရောင်းချပွဲ အစီအစဉ်အရ ယနေ့နံနက် ၉နာရီတွင် ပုလဲအတွဲပေါင်း ၂၅၀ ကို ယူရိုငွေဖြင့် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးရာ ညနေ ၃နာရီခွဲတွင် ပုလဲအတွဲပေါင်း ၆၉ တွဲ ရောင်းချခဲ့ရသည်။

ကျောက်မျက်အတွဲပေါင်း ၁၈၉ တွဲကို ယနေ့ နံနက် ၉ နာရီတွင် ယူရိုငွေဖြင့် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချရာ ညနေ ၃ နာရီခွဲတွင် ကျောက်မျက်အတွဲပေါင်း ၃၀ ကို ရောင်းချခဲ့ရသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ ဌာနဆိုင်ရာ လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေသည် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၇ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ရောက်ရှိ၍ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ ပြည်တွင်းအခွန်များ ဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့သို့ သွားရောက်ပြီး ဌာနဆိုင်ရာလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား လိုအပ်ချက်များကို မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဇွန် ၁၈ ရက်တွင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌ ပို့ကုန်သွင်းကုန် စစ်ဆေးရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဖြင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မူဆယ်မြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်သည်ကြီးများအား တွေ့ဆုံကာ ပို့ကုန်သွင်းကုန်လုပ်ငန်းများ မှန်ကန်မြန်ဆန်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဒုတိယဝန်ကြီးသည် ဇွန် ၂၀ ရက်တွင် ကွတ်ခိုင်၊ သိန်းနီနှင့် လားရှိုးမြို့များသို့ရောက်ရှိပြီး မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန် ဦးစီးဌာနတို့သို့ သွားရောက်၍ လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဌာနဆိုင်ရာများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ လားရှိုးမြို့ ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမတွင် ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဟောပြော

ရန်ကုန် ဇွန် ၂၃

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်တွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းတို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြို မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဇွန် ၂၂ ရက်တွင် မင်္ဂလာဒုံ အထက(၅) မြတ်ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ အင်အား ၅၀၀ ကျော်တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းဥက္ကဋ္ဌ ဦးစံရှိန်နှင့် မင်္ဂလာဒုံမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစိုးပိုင်(မောင်ဆန္ဒ-လယ်ဝေး)တို့က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် ပညာပေးဟောပြောဆွေးနွေးကြကြောင်း သိရသည်။

(ကြေးမုံ)

ကုန်သည်/ စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူးနှင့် အက်ဖ်အေအိုမစ်ရှင် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၂၃

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်အား အင်္ဂလန်နိုင်ငံ HJP International Ltd. မှ Senior Consultant Economist ခေါင်းဆောင်၍ အဖွဲ့ဝင် လေးဦးပါဝင်သော FAO: International Fund for Agricultural Development (IFAD) Mission သည် ဇွန် ၂၁ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက် တွေ့ဆုံပြီး မဟာမဲခေါင်ဒေသအတွင်းရှိ ကျေးလက်ဒေသနေ လယ်သမားများ၏ လယ်ယာလုပ်ငန်းများ ယှဉ်ပြိုင်ဆောင်ရွက်လုပ်ကိုင်နေမှုကို မြှင့်တင်ပေးရေးအတွက် အစီအစဉ်ရေးဆွဲရေးနှင့် စပ်လျဉ်းသည့်ကိစ္စ၊ လယ်ယာလုပ်ငန်းဆိုင်ရာ အထောက်အကူပြု အသိပညာပေးရေး၊ နည်းပညာပြန့်ပွားရေးနှင့် သက်ဆိုင်သည့် သင်တန်းများ ပို့ချပေးရေးကိစ္စ၊ လယ်ယာထွက်ကုန်သီးနှံများနှင့် ပဲမျိုးစုံအထွက်တိုးရေး၊ အရည်အသွေး အဆင့်အတန်းမီ ရရှိရေး၊ ဈေးကွက်ရရှိရေးကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြသည်။

(အောက်ပုံ) (သတင်းစဉ်)

SSA-S အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အပေါင်းပါအဖွဲ့ တစ်ဖွဲ့ ဖြစ်သော RCSS အဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် အဓမ္မ လူသစ်စုဆောင်းမှုများ ပြုလုပ်လျက်ရှိ

ရန်ကုန် ဇွန် ၂၃

SSA-S အကြမ်းဖက် သောင်းကျန်းသူ အဖွဲ့သည် ဒေသခံ တိုင်းရင်းသား ပြည်သူများအား ညှဉ်းပန်းနှိပ်စက် လုယက်သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ပြီး ဆက်ကြေးကောက်ယူခြင်း၊ လူသစ်များ အဓမ္မစုဆောင်းခြင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ယူ ရောင်းချခြင်းစသည့် အကြမ်းဖက်အဖျက် လုပ်ရပ်များကို အစဉ်တစိုက် လုပ်ဆောင်ကျူးလွန်လျက်ရှိသည်။

အဆိုပါ SSA-S အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့၏ အပေါင်းပါအဖွဲ့ဖြစ်သော ရှမ်းပြည်နယ် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အဖွဲ့၏ တပ်မဟာ (၃၆၀)မှ ဗိုလ်မှူးအဆင့်ရှိ စံခေးက ဇွန် ၁၂ ရက်နေ့ ရက်စွဲဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ဝမ်မက်ကျေးရွာဥက္ကဋ္ဌထံ စာတစ်စောင် ပေးပို့ပြီး ၎င်းတို့အတွက် လူသစ်များ စုဆောင်းပေးပို့ရန် ခြိမ်းခြောက် တောင်းခံထားကြောင်း သိရသည်။

ယင်းစာတွင် ၎င်းတို့ သောင်းကျန်းသူအဖွဲ့အတွက် ဝမ်မက်ကျေးရွာအုပ်စုမှ လူသစ်ခြောက်ဦးကို လာမည့် ဇူလိုင် ၁ ရက် နောက်ဆုံးထားပြီး မောက်မယ်မြို့နယ် နားဟီးရွာသို့ ပို့ဆောင်ပေးရန်၊ ပျက်ကွက်ပါက တစ်အိမ် တစ်ယောက်နှုန်း လာရောက်ခေါ်ယူမည်ဖြစ်ပြီး တိမ်းရှောင်မှုပြုလုပ်ပါက ဝမ်မက်ကျေးရွာအား ပြင်းပြင်းထန်ထန် အရေးယူသွားမည်ဟု ခြိမ်းခြောက်ထားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
စတုတ္ထအကြိမ်ညီလာခံ ၂၀၀၆ခုနှစ်
ဇူလိုင်လ(၁)ရက်မှ(၂)ရက်
ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း
ရန်ကုန်မြို့

ပြည်တွင်း ပြည်ပ အဖျက်သမားများနှင့် မီဒီယာအချို့က ပြည်တွင်းရေးဝင်ရောက်စွက်ဖက်မှုများရှိနေ အသင်းကြီးအနေဖြင့် အဖြစ်မှန်ကိုရှင်းပြရမည့်အပြင် ထိပါးနှောင့်ယှက်မှုဟူသမျှ ကာကွယ်တိုက်ဖျက်

❀ **အသင်းကြီးမှ**

အဆိုပါ သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူ အရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက် ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များမှာ စိတ်ကောင်းစေတနာမှန်နှင့် တက်ကြွစွာပါဝင်ဆောင်ရွက်သွားကြမည့် လူငယ်များကို မဏ္ဍိုင်ပြုပြီး စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ သက်တမ်း ၁၂ နှစ်ကျော်ရှိပြီဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ အသင်းဝင်များသည် ယခုဆိုလျှင် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များမှာ တက်ကြွစွာပါဝင်ဆောင်ရွက်နေလျက်ရှိနေကြသည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့နေကြရပြီဖြစ်ကြောင်း၊ နိုင်ငံတော်က အားထားရသည့် အမျိုးသားရေးအင်အားစုကြီးအဖြစ် အစဉ်ထာဝရရပ်တည်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို ထာဝစဉ်သယ်ပိုး သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံသားတိုင်း၏ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်သည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးဖြစ်ကြောင်း၊ ပြည်သူများထဲက ပြည်သူများဖြစ်ကြသည့် အသင်းဝင်များသည် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ကိုရောက်အောင် ပြည်သူများနှင့်လက်တွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

နိုင်ငံတော်သစ်ကို ထူထောင်ရာတွင် နိုင်ငံတော်၏ ပကတိအခြေအနေအပေါ်မူတည်ပြီး မှန်ကန်သည့်မူဝါဒ၊ ပကတိအခြေအနေနှင့်ကိုက်ညီသည့် လမ်းစဉ်များ၊ စေတနာပါသည့် လက်တွေ့အကောင်အထည်ဖော်မှုများနှင့် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းအကောင်အထည်ဖော်ကြရခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်၏စစ်မှန်သည့် အားများဖြစ်သည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ၏ စုစည်းညီညွတ်သည့်အားများဖြင့် ကြိုးပမ်းဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်ဖြင့် နှစ်ပေါင်းထောင်ချီကာ စည်းလုံးညီညွတ်စွာဖြင့် ဥမကွဲသိုက်မပျက် နေထိုင်ခဲ့ကြသည့် သမိုင်းအစဉ်အလာ ကြီးမားသောပြည်ထောင်စုကြီးဖြစ်ကြောင်း၊ စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ် ရှင်သန်ထွန်းကားမှုအပေါ် အခြေပြုထားသည့်နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတွင် နိုင်ငံတော်၏အမျိုးသားရေးမူဝါဒအဖြစ် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ချမှတ်ထားသည့် အမျိုးသားရေးမူဝါဒနှင့်အညီ လက်တွေ့ကျသည့် နိုင်ငံရေးဦးတည်ချက် (၄)ရပ်၊ စီးပွားရေးဦးတည်ချက် (၄)ရပ်၊ လူမှုရေးဦးတည်ချက် (၄)ရပ် ချမှတ်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ မှန်ကန်သည့် မူဝါဒ၊ ပကတိအခြေအနေနှင့်ကိုက်ညီသည့် လမ်းစဉ်၊ စေတနာပါသည့် လက်တွေ့အကောင်အထည်ဖော်မှုများနှင့် အပြောမဟုတ်၊ လက်တွေ့အလုပ်များဖြင့် ကြိုးပမ်းလျက်ရှိနေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအင်အားစုသုံးရပ် ပူးပေါင်းလက်တွဲ အကောင်အထည်ဖော်မှုက ဖြစ်ထွန်းလာသည့် ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများသည် အနာဂတ်နိုင်ငံတော်သစ်အတွက် အခြေခံကောင်းများဖြစ်ကြောင်း၊ နိုင်ငံတော်၏ သမိုင်းရေးဖြစ်ပေါ်တိုးတက်မှုများသည် အမျိုးသားရေး ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းရေးကို ဦးတည်ရွေ့ရှုနေသည်ဆိုသည်ကို နားလည်သဘောပေါက်ကြရမှာ ဖြစ်ကြောင်း။

အသင်းဝင်များသည် သီးခြားလူတန်းစားတစ်ရပ်က ပေါ်ပေါက်လာကြခြင်းမဟုတ်ဘဲ နိုင်ငံတော်၏ နယ်မြေဒေသအသီးသီးမှာရှိသည့် လူထုကြားက ထွက်ပေါ်လာကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရေး တာဝန်များကို အသင်းကြီးက ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များအတိုင်း စုစည်းညီညွတ်စွာ ပါဝင်အကောင်အထည်ဖော်ကြရန် မွန်မြတ်သည့်စိတ်ထားနှင့် ဝင်ရောက်လာကြသူများဖြစ်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ကြရန် ကိုယ်တိုင် ဆန္ဒပြုဝင်ရောက်လာကြသူများဖြစ်ကြောင်း၊ အသင်းကြီး၏ စုစည်းညီညွတ်သည့်အားကိုရရှိစေရန် စနစ်တကျ ဖွဲ့စည်းမှုနှင့် စီမံမှုများကိုလည်း ပြုလုပ်ထားပြီးဖြစ်ကြောင်း၊ အသင်းကြီးက နှစ်စဉ်ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း နယ်မြေဒေသ အသီးသီး၌ အကျိုးပြုလုပ်ငန်းများကို စဉ်ဆက်မပြတ် လက်တွေ့အကောင်အထည်ဖော်လျက်ရှိကြောင်း၊ နယ်မြေအတွင်း လက်တွေ့ကျသည့် အကျိုးပြုလုပ်ငန်းများအပေါ် နယ်မြေလူထု၏ ထောက်ခံအားပေးမှုရရှိနေပြီး အသင်းဝင်အင်အားသည်လည်း ၂၃ သန်းကျော်အထိ တိုးတက်လာသည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ်တွေ့မြင်နေကြရကြောင်း။

တိုးတက်များလာပြားသည့် အသင်းဝင်များကို အရည်အချင်းပြည့်ဝသော အရေအတွက်များဖြစ်အောင်လည်း လေ့ကျင့်ပျိုးထောင်ပေးနေရမှာ ဖြစ်ကြောင်း၊ အသင်းကြီးကို အသင်းဝင်များနှင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အသင်းဝင်တစ်ဦးချင်း၏ အရည်အချင်းများ ထက်မြက်မြင့်မားလာသည်နှင့်အမျှ အသင်းဝင်များ စုပေါင်းဆောင်ရွက်မှု စွမ်းအားသည်လည်း တိုးတက်မြင့်မားလာမှာဖြစ်ကြောင်း၊ အသင်းဝင်တစ်ဦးချင်း၏ အရည်အချင်း၊ အသင်းဝင်များ၏ စုပေါင်းဆောင်ရွက်မှုစွမ်းအား မြင့်မားလာသည်နှင့်အမျှ အသင်းကြီး၏ရည်ရွယ်ချက်များအတိုင်း နယ်မြေလူထု၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအား တိုးမြှင့်ရရှိလာပြီး ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်မှာဖြစ်ကြောင်း၊ အသင်းဝင်တိုင်းသည် မိမိတို့၏ အရည်အချင်းများ တိုးတက်နေစေရေးအတွက် အမြဲသင်ယူ လေ့လာနေကြရမှာ ဖြစ်ကြောင်း။

အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေးအထူးသင်တန်း၌ ယုံကြည်ချက်၊ ခံယူချက် မြင့်မားရေး၊ နိုင်ငံ့သားကောင်း အရည်အချင်းပြည့်ဝရေး၊ အမျိုးသားနိုင်ငံရေးခေါင်းဆောင်မှု သဘောနှင့် နာခံခြင်းအလေ့ အကျင့်ကောင်း၊ မှန်ကန်သော ဦးဆောင်မှုကို ခံယူကျင့်သုံးခြင်းဖြင့် စုစည်းညီညွတ်သော အင်အားအဖြစ် တည်ဆောက်ရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဘာသာရပ်များအပြင် လက်ရှိ ပေါ်ပေါက်နေသော ပြဿနာများအပေါ် ရှင်းလင်းအဖြေရှာရေးအတွက်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ပြီးဖြစ်သည့်အတွက် လက်တွေ့နယ်ပယ်တွင် ဆက်စပ်အသုံးပြုနိုင်မည်ဟု ယုံကြည်ကြောင်း။

သင်တန်း တက်ရောက်လာကြသူများသည် အသင်းအဆင့်ဆင့်၌ ဦးဆောင်ဦးရွက်ပြုနေကြသူများ ဖြစ်ကြကြောင်း၊ အသင်း အဆင့်ဆင့်၏ ခေါင်းဆောင်မှုသဘောနှင့် နာခံခြင်း အလေ့အကျင့်ကောင်းများကို ကိုယ်တိုင်ခံယူပြီး မိမိတို့ တာဝန်ကျရာ အသင်းဝင်များအတွင်း၌ပါ ပြန့်ပွားအောင် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ အသင်းဝင်များအနေဖြင့် မှန်ကန်သည့် ဦးဆောင်မှုကို ခံယူနိုင်မှသာ အတွေးအခေါ် ညီညွတ်မှု၊ စိတ်ဓာတ်ရေးရာ ညီညွတ်မှု၊ အလုပ်ညီညွတ်မှုကိုရရှိပြီး ရည်မှန်းချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။

နိုင်ငံတော်သစ် ထူထောင်ရာတွင် အခြေခံလိုအပ်ချက်များဖြစ်သည့် နိုင်ငံတော် တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးခိုင်မာတောင့်တင်းရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးအတွက် စီမံအကောင်အထည်ဖော်လျက်ရှိနေကြောင်း၊ အသင်းကြီးကလည်း ထိရောက်အောင်မြင်စွာ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ရှေ့လုပ်ငန်းစဉ်များ နှစ်စဉ်ချမှတ် အကောင်အထည်ဖော်လျက်ရှိနေကြောင်း။

အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များသည် နိုင်ငံတော်အကျိုး၊ ပြည်သူများ၏ အကျိုးအတွက် ရှေးရှုဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အသင်း အဆင့်ဆင့်အနေနှင့် ရှေ့လုပ်ငန်းစဉ်များ၏ အကျိုးဖြစ်ထွန်းမှုကို လက်တွေ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ပြီး သက်သေထူကြရမှာဖြစ်ကြောင်း၊ အသင်းဝင်များ၏ အကျိုးပြုလုပ်ငန်းတိုင်းကိုလည်း ရှေ့လုပ်ငန်းစဉ်နှင့် ဆက်စပ်ရှင်းလင်းပြသရမှာဖြစ်ကြောင်း၊ သို့မှသာ နယ်မြေလူထုအနေနှင့် အသင်းကြီးက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအပေါ် လက်တွေ့အကျိုးပြုလုပ်ငန်းများနှင့် ဆက်စပ်နားလည်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရရှိစေမှာဖြစ်ကြောင်း။

နိုင်ငံတော်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ကြောင်း၊ ကျေးလက်ဒေသသည် နိုင်ငံတော်၏ အခြေခံအကျဆုံးဒေသဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးသွားရမှာဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅) ရပ်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ရေရရှိရေးအပြင် ကျေးလက်မီးလင်းရေးနှင့် စာကြည့်တိုက်ထူထောင်ရေးတို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရမှာဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ကြောင်း၊ အသင်းဝင် တောင်သူလယ်သမား ရှစ်သန်းကျော်နှင့် အလုပ်သမား ငါးသန်းကျော်သည် ဘဝတူ တောင်သူလယ်သမား၊ အလုပ်သမားများနှင့် လက်တွဲပြီး စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ပြီး လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အသင်းကြီးအနေနှင့်လည်း တောင်သူလယ်သမား၊ အလုပ်သမားများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အားပေးကူညီဆောင်ရွက်နေသကဲ့သို့ အသင်းဝင်များကလည်း ပိုမိုအားဖြည့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ဒီဇယ်ဆီအစားထိုး ကြက်ဆူပင်စိုက်ပျိုးရေးနှင့် အပင်များရှင်သန်ကြီးထွားပြီး ဇီဝဒီဇယ်ဆီရရှိသည်အထိ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

လက်ရှိနိုင်ငံတော်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများရရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူများ လိုလားတောင့်တသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး ပန်းတိုင်ကိုလည်း မျက်ခြည်ပြတ် မခံခဲ့သည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ပကတိအခြေအနေအရ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်မှ တစ်ပါးအခြားလမ်းစဉ်မရှိဟု ယုံကြည်ထားပြီးဖြစ်သည့်အတိုင်း အသင်းကြီးအနေနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားနေကြပြီဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံသည့် လူထုအစည်းအဝေးများမှာလည်း နယ်မြေလူထုနှင့်အတူ တက်တက်ကြွကြွပါဝင်ခဲ့ကြပြီးဖြစ်ကြောင်း။

လက်ရှိကာလတွင် နိုင်ငံတော်သည် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းမှန်ပေါ်ရောက်နေပြီဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများလည်း ရနေပြီဖြစ်ကြောင်း၊ သို့ရာတွင် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများနှင့် မီဒီယာအချို့က တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ကွယ်ပြုပြီး ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုများရှိနေသည်ကို တွေ့နေရကြောင်း၊ အသင်းကြီးအနေနှင့်အဖြစ်မှန်ကို ရှင်းပြရမည့်အပြင် ထိပါးနှောင့်ယှက်မှုမှန်သမျှကိုလည်း ကာကွယ်တိုက်ဖျက်သွားကြရမှာ ဖြစ်ကြောင်း၊ တကယ်တော့ မိမိနိုင်ငံတော်နှင့် နိုင်ငံသားများ၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို နိုင်ငံသားများကသာ အလိုလားဆုံးဖြစ်ကြောင်း၊ ပကတိအခြေအနေမှန်များကိုလည်း အခြေအနေအကြောင်းကြောင်းကြောင့် မျက်ကွယ်ပြုနေကြသူတချို့ကလွဲ၍ နိုင်ငံသားအားလုံးက အသိဆုံးဖြစ်ကြောင်း၊ ဘယ်သူတွေ ဘာတွေပြောပြော မိမိနိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ကိုယ်တိုင်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ အသင်းဝင်များအနေနှင့် မိမိတို့နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နယ်မြေမှာရှိသည့် ပြည်သူများနှင့် ပူးပေါင်းလက်တွဲပြီး တိုးမြှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် မှာကြားလိုသည်မှာ –

- **သင်တန်းတက်ရောက်ကြသူများသည် ပြည်နယ်တိုင်း၊ ခရိုင်အသင်းအလုပ်အမှုဆောင်များဖြစ်ကြသည့် နိုင်ငံတော်၏ ပကတိအရှိတရားကို သိမြင်၊ မိမိထမ်းဆောင်ရသည့် တာဝန်၏အရေးပါမှုကို နားလည်ပြီး နိုင်ငံက အားထားရသူများဖြစ်အောင် အစဉ်ကြိုးပမ်းသွားကြပါ။**
- **အသင်းကြီး၏ မူဝါဒများအပေါ် ခိုင်ခိုင်မာမာရပ်တည်ပြီး ယုံကြည်ချက်၊ ခံယူချက် မြင့်မားသူများဖြစ်အောင် အစဉ်ကြိုးပမ်းဆောင် ရွက်သွားကြပါ။**
- **တိုင်းရင်းသား ပြည်သူများအကြား စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန် ထွန်းကားပြန့်ပွားအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **ခေါင်းဆောင်မှုသဘောနှင့် နာခံခြင်း အလေ့အကျင့်ကောင်းကို အသင်းဝင်များအတွင်း ပျံ့နှံ့စေပြီး စည်းလုံးညီညွတ်သည့်အားကို ရယူနိုင်ရေး ကြိုးပမ်းသွားကြပါ။**
- **နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များမှာ ပြည်သူများ၏ စုစည်းညီညွတ်သည့်အားကို ရယူနိုင်ရေး စည်းရုံးဆောင်ရွက်သွားကြပါ။**
- **အဖျက်အမှောင့် အန္တရာယ်များကို မပြတ်သောသတိနှင့် တွန်းလှန် ကာကွယ်သွားကြပါ**

ဟု ပြောကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဆင်းပွဲ အပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင်များသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်၊ တိုင်းနှင့် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ ၂၀၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မေ ၂၂ ရက်မှ ယနေ့အထိ ဖြစ်သည်။

(သတင်းစဉ်)

နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ်စာစောင်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်နှင့် ဟောပြောပွဲဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၈ ရက်က (၁၀) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်အေးနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၂၄-၆-၂၀၀၆ (စနေနေ့)

- ၇း၀၀ MRTV-4 အဖွင့်Logo၊ယနေ့အစီအစဉ်
- ၇း၀၅ သိမြင်သုတတိုးပွားစေရာ ဆဋ္ဌသင်္ဂါယနာ မော်ကွန်းပြတိုက်မှာ
- ၇း၃၀ တေးဂီတအစီအစဉ်
- ၇း၃၅ မေးကြည့်ဖြေကြည့်ပဟေဠိ (ရီဝေယံ၊သက်မွန်မြင့်)
- ၇း၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၈း၀၀ အသည်းခြောက်ရောဂါ ဖြစ်စေနိုင်တဲ့အချက်အလက်များ
- ၈း၁၅ တေးဂီတအစီအစဉ်
- ၈း၂၀ ငွေကြယ်ပွင့်တို့ရဲ့ဖြစ်တည်မှု (ခင်ဘုဏ်းနှင့် သူ၏အနုပညာခရီးလမ်း)
- ၈း၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၈း၅၅ ပေါ့ပေါ့ပါးပါးမြန်မြန်ဆန်ဆန်
- ၉း၀၅ တေးဂီတအစီအစဉ်
- ၉း၁၀ နိုင်ငံတကာအနုပညာရေးရာ
- ၉း၄၀ မိုးလေဝသခန့်မှန်းချက်
- ၉း၄၅ အစဉ်အလာကောင်းမည့် ရေလှောင်တမံ (ခပေါင်း)
- ၁၀း၀၅ တေးဂီတအစီအစဉ်
- ၁၀း၁၀ Language Lab (ကမာရွတ် အမက-၂)
- ၁၀း၄၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀း၅၀ အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ဖြိုးကြီး၊စိုးမြတ်နန္ဒာ)
- ၁၁း၁၀ တေးဂီတအစီအစဉ်
- ၁၁း၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၂၀ ယနေ့သိပ္ပံနှင့်နည်းပညာ (A သူမြင့်၊သန္တာအေး)
- ၁၁း၃၅ တေးဂီတအစီအစဉ်
- ၁၁း၄၀ ရှုချင်စရာမျက်လှည့်ပဒေသာ
- ၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၆-၂၀၀၆ (စနေနေ့)

(၁၃၆၈ခုနှစ်၊ နယုန်လကွယ်နေ့) (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ အတီးပြိုင်ပွဲ
- ၈း၁၀ ၆။ ထပ်ဆင့်အောင်ပွဲ ဇရာဝတီတံတား(ဒေးဒရဲ)
- ၈း၂၀ ၇။ အဆိုပြိုင်ပွဲ
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Grammar Made Easy.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁း၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၃၅ ၆။ နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ “Doraemon”
- ၁၂း၅၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ဆည်းဆာ”(အပိုင်း-၄)**
- ၁း၂၅ ၈။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
- ၁း၃၅ ၉။ **“အမျိုးသမီးများပြဿနာ အဖြေရှာ” (ကျော်သူ၊မေသဥ္ဇာဦး၊ စိုးမိုးကြည်) (ဒါရိုက်တာ-မောင်မျိုးမင်း)**
- ၁း၅၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂း၀၅ ၁၁။ တေးဂီတအစီအစဉ်
- ၂း၁၅ ၁၂။ စိုက်ကြမျိုးများများနွေစပါး ဝမ်းစာဖြိုးဝေသိန်းနီမြေ(အပိုင်း-၂)
- ၂း၂၅ ၁၃။ ရခိုင်ချောင်တံတား
- ၂း၃၀ ၁၄။ **“ရောင်ပြန်ဟပ်ခြင်း” (မင်းအုပ်စိုး၊ကုသိုလ်) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)**
- ၂း၃၅ ၁၅။ ရန်ကုန်တိုင်း မဟူရာရေလှောင်တမံ
- ၂း၄၅ ၁၆။ International News.
- ၃း၀၀ ၁၇။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ English for Everyday Use.
- ၄း၄၀ ၄။ တေးဂီတအစီအစဉ်
- ၄း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
- ၅း၀၅ ၆။ နားဝင်ပီယံသူ့လက်သံ
- ၅း၁၅ ၇။ အကပြိုင်ပွဲ
- ၅း၂၅ ၈။ တေးဂီတအစီအစဉ်
- ၅း၃၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ Discovery
- ၆း၅၀ ၁၃။ တေးဂီတအစီအစဉ်
- ၇း၀၅ ၁၄။ ဖွံ့ဖြိုးဝေဆာ နားခံစံပြကျေးရွာ
- ၇း၁၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ဖြူစင်မေတ္တာ”(အပိုင်း-၇)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **မြန်မာ့ရုပ်ရှင် နေကမ္ဘာတဲ့လ”(အပိုင်း-၁) (ကျော်ဟိန်း၊မင်းမော်ကွန်း၊ တင့်တင့်ထွန်း၊အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-မောင်တင်ဦး)**
- ၂၀။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာ ပွားများခြင်းတရားတော်
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပိုက်လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၃

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ဇွန် ၂၁ ရက် မွန်းလွဲပိုင်းတွင် ပျဉ်းမနားခရိုင် ရေဆင်းရှိ ငါးလုပ်ငန်းဦးစီးဌာန ရေဆင်းငါးလုပ်ငန်းစခန်းသို့ ရောက်ရှိပြီး စခန်းရှင်းလင်းဆောင်၌ မြစ်၊ချောင်း၊ဆည်တမံများမှ ငါးကုန်ပိုမိုရရှိရေးအတွက် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းမှာကြားကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရေဆင်းငါးမွေးမြူရေးစခန်းမှ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော ငါးသားပေါက်များအခြေအနေနှင့် တစ်နှစ်လျှင် ငါးသားပေါက်ကောင်ရေ သိန်း ၅၆၀ ထုတ်လုပ်သွားမည့် အခြေအနေကို လည်းကောင်း၊ ဆည်၊မြစ်၊ ချောင်းနှင့် ကန်ရေပြင်ကျယ်များ၌ ပိုက်လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူမှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ပျဉ်းမနားခရိုင်အတွင်း မွေးမြူနိုင်မည့် ရေပြင်များကို တိုးချဲ့မွေးမြူဆောင်ရွက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ ပျဉ်းမနားခရိုင် ရေဆင်းငါးလုပ်ငန်းစခန်းရှိ ပိုက်လှောင်အိမ်ဖြင့် ငါးမွေးမြူထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (မွေး/ရေ)

ဂုဏ်ပြုလွှာပေးအပ်

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့ပိုင် ကျောင်းဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ အလုံမြို့နယ် ဝေဘာဂီလမ်းနေ ဗိုလ်ကြီးဝင်းတင့် (ငြိမ်း)-ဒေါ်ခင်ခင်မြ မိသားစုနှင့် ဗုဒ္ဓဂယာဘုရားဖူးပြန်ဓမ္မမိတ်ဆွေများက ဇွန် ၂၀ ရက်တွင် အလှူငွေ ကျပ်သုံးသိန်းငါးသောင်းကို စုပေါင်းလှူဒါန်းကြရာ အကျိုးဆောင် ဦးကျော်ခင်(ခရမ်း)က လက်ခံပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီး ရာပြည့်ဝိဇာတ အလှူတော်မင်္ဂလာ ကျင်းပမည်

ရန်ကုန် ဇွန် ၂၃

ပြည်မြို့ ရတနာမာန်အောင်တောရ ကမ္မဋ္ဌာန်း အလင်းပြတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိစ္ဆာဗလ (ကမ္ဘာ့ရွှေရင်အေး) (ရွှေဗျိုင်းနားဆရာတော်ကြီး)၏ သက်တော်ရာပြည့် ဝိဇာတအလှူတော်မင်္ဂလာကို ၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက်၊ ဇူလိုင် ၁၂ရက် (ဗုဒ္ဓဟူးနေ့) တွင် ဆရာတော်ကြီး၏ မွေးဖွားရာဇာတိဖြစ်သော မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် မဟာဆားတောင်ရွာ ရာပြည့်ကျောင်းတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်ကပ်လှူဒါန်း

ဇူလိုင် ၁၁ ရက် (အင်္ဂါနေ့) ည ၇ နာရီတွင် ဓမ္မဒူတအရှင်ဆေကိန္ဒ (သာသနဓဇဓမ္မာစရိယ၊ သဒ္ဒမ္မနေပုည ဓမ္မာစရိယ၊ သာသနဇောတိပါလ ဓမ္မာစရိယ)က ရာပြည့်မဟာကုသိုလ်ထူးအကြို တရားဟော ကြားချီးမြှင့်မည်ဖြစ်ပြီး နံနက် ၈ နာရီတွင် ရာပြည့်ဝိဇာတအလှူတော်မင်္ဂလာကို ကျင်းပ၍ နံနက် ၉ နာရီခွဲတွင် ပင့်သံဃာတော် အပါး ၁၀၀၀ တို့အား လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

ယင်းနေ့ည ၇ နာရီတွင် အရှင်ပညာဇောတ(သာသနဓဇ၊ သီရိပဝရ ဓမ္မာစရိယ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ ပိဋကတ်တစ်ပုံဆောင်) မဟာဗုဒ္ဓါရာမ ဝိဟာရ ရေလဲလေးမြို့ မအူပင်ခရိုင်က ရာပြည့်ဝိဇာတမဟာ ကုသိုလ်ထူး အောင်ပွဲတရား ဟောကြားချီးမြှင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ချောက်နှင့်ရေနံချောင်းရေနံမြေတို့၌ ခြစ်သည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ တက်ရောက်

ရန်ကုန် ဇွန် ၂၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇွန် ၁၉ ရက်တွင် မကွေးတိုင်း ချောက်မြို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်ရေနံမြေအတွင်းရှိ ရွှေပုံတောင်ဘုရားအနီး၌ ကျင်းပသော ခြစ်သည်းရိုးကြက်ဆူပင် ဧက ၁၀၀ ကျော် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်သည်။

အဆိုပါ စိုက်ပျိုးပွဲသို့ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်၊ စွမ်းအင် ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးများ၊ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမိုးဇော်ဦးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ရေနံမြေအထွေထွေမန်နေဂျာ ဦးစက်အောင်က ချောက်ရေနံမြေအတွင်း ကြက်ဆူပင် စိုက်ပျိုးထားရှိမှုနှင့် ဆက်လက်စိုက်ပျိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ချောက်နှင့်ရေနံချောင်း ရေနံမြေများအတွင်းရှိ တောင်ကုန်း၊ တောင်ကြော၊ လျှိုမြောင်များ၊ မြေလွတ်မြေရိုင်းဧရိယာများကို အကျိုးရှိရှိ အသုံးချသွားနိုင်ရေးအတွက် ယခုကဲ့သို့ ကြက်ဆူပင်များကို တိုးချဲ့စိုက်ပျိုးနေခြင်းဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ရေနံမြေဝန်ထမ်းမိသားစုများ ဝင်ငွေတိုးတက် ရရှိလာတော့မည်ဖြစ်ကြောင်းဖြင့် ပြောကြားကာ ဆက်လက် တိုးချဲ့စိုက်ပျိုးသွားနိုင်ရေးနှင့် ရေရှည်ထိန်းသိမ်းသွားနိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် တက်ရောက်လာကြသူဝန်ထမ်းအင်အား စုစုပေါင်း ၁၅၀၀ ကျော်တို့သည် ခြစ်သည်းရိုးကြက်ဆူပင်များကို စုပေါင်းစိုက်ပျိုးကြသည်။ ချောက်ရေနံမြေ ရွှေပုံတောင်ဘုရားအနီး တောင်ကုန်း၊ တောင်ကြောနှင့် လျှိုမြောင်များတစ်လျှောက်ရှိ ဧကပေါင်း ၁၀၆ ဒသမ ၅ ဧက၌ ကြက်ဆူပင်ပေါင်း ၁၂၇၈၀၀ ကို စိုက်ပျိုးထားရှိပြီး ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးအား ချောက်ရေနံမြေ အစည်းအဝေးခန်းမ၌ ရေနံမြေအထွေထွေမန်နေဂျာက ချောက်ရေနံမြေ၏ လက်ရှိထုတ်လုပ်နေမှု အခြေအနေကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (ရှာဖွေရေး/ဖွံ့ဖြိုးရေး) ဦးကျော်လှိုင်က တွင်းတူးဖော်နေမှု အခြေအနေနှင့် အလားအလာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက တွင်းဟောင်းပြုပြင်ခြင်း၊ တွင်းသစ်တူးဖော်ခြင်း လုပ်ငန်းများ အချိန်မီ ပြီးစီးရေးနှင့် ဆိုက်စမစ်တိုင်းတာခြင်း၊ ပုံဖော်ခြင်း၊ တွင်းနေရာရွေးချယ်ခြင်းလုပ်ငန်းများကို တိကျသေချာစွာ ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် အသစ်တူးဖော်လျက်ရှိသည့် တွင်းသစ် အမှတ်(၁၁၅၇)သို့ သွားရောက်ပြီး တွင်းတူးဖော်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေနံချောင်း ရေနံမြေအတွင်းရှိ မြေလွတ်မြေရိုင်း၊ တောင်ကုန်း၊ တောင်စောင်းများ၌ ခြစ်သည်းရိုးကြက်ဆူပင် ၉၃ ဧက စုပေါင်း စိုက်ပျိုးပွဲသို့ တက်ရောက်ရာ ရှင်းလင်းဆောင်၌ ရေနံမြေ အထွေထွေမန်နေဂျာ ဦးဝင်းကြိုင်က ကြက်ဆူပင် စိုက်ပျိုးထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ယခု စိုက်ပျိုးထားရှိမှုအပြင် ကျန်မြေလွတ်မြေရိုင်းများကိုပါ ဆက်လက်ဖော်ထုတ်စိုက်ပျိုးသွားကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် တက်ရောက်လာကြသူ ဝန်ထမ်းအင်အား စုစုပေါင်း ၁၀၀၀ ကျော်တို့သည် ခြစ်သည်းရိုးကြက်ဆူပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ရေနံချောင်း ရေနံမြေအတွင်း၌ မြေလွတ်၊ မြေရိုင်း တောင်ကုန်းတောင်စောင်းများ တစ်လျှောက်ရှိ ဧကပေါင်း ၉၃ ဧက၌ ခြစ်သည်းရိုး ကြက်ဆူပင်ပေါင်း ၁၁၁၆၀၀ ကို စိုက်ပျိုးထားရှိပြီး ဆက်လက်စိုက်ပျိုး သွားမည်ဖြစ်သည်။ ယခုအခါ ချောက်နှင့် ရေနံချောင်း ရေနံမြေအတွင်းရှိ မြေလွတ်မြေရိုင်းများ ဧကပေါင်း ၂၀၀ ခန့်၌ ခြစ်သည်းရိုး ကြက်ဆူပင်ပေါင်း ၂၄၄၀၀၀ ခန့်ကို စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

ချမှတ်ပေး

ယင်းနောက် ဝန်ကြီးသည် ရေနံချောင်း ရေနံမြေအစည်းအဝေးခန်းမ၌ ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Goldpetrol ရေနံကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးများနှင့် ရေနံမြေ အထွေထွေမန်နေဂျာတို့က ချောက်နှင့် ရေနံချောင်းရေနံမြေတို့၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်ရန် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

ယခုအခါ ရေနံချောင်းရေနံမြေမှ ရေနံစိမ်းစည်ပေါင်း ၁၇၀၀ ကျော်နှင့် ချောက်ရေနံမြေမှ ရေနံစိမ်း စည်ပေါင်း ၅၀၀ ကျော်တို့ကို နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ချောက်မြို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်ရေနံမြေအတွင်း ရွှေပုံတောင်ဘုရားအနီး၌ ကျင်းပသော ခြစ်သည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို ကြည့်ရှုအားပေးစဉ်။ (စွမ်းအင်)

ကျေးရွာစာကြည့်တိုက်များအတွက် ပျဉ်းမနားမဂ္ဂဇင်းနှင့် စာအုပ်များလှူဒါန်း

ရန်ကုန် ဇွန် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူရှင် ဦးကျော်ညွန့်(ကျော်ညွန့်ရည်)နှင့် ဇနီး ဒေါ်ဝါဝါကျော်မိသားစုတို့က ငွေကျပ် လေးသိန်းလေးသောင်းတန်ဖိုးရှိ ချစ်နိုင်(စိတ်ပညာ)၏ "မောင်တို့မယ်တို့ချစ်တဲ့ တို့တိုင်းပြည်" စာအုပ် ၄၀၀၊ ငွေကျပ် ၁၃သိန်း တန်ဖိုးရှိ ပျဉ်းမနား မဂ္ဂဇင်းစာအုပ် ၆၅၀နှင့် အလှူငွေကျပ် ၁၀သိန်း၊ စုစုပေါင်း ၂၇သိန်းလေးသောင်းတန်ဖိုးရှိ စာအုပ်နှင့် အလှူငွေများအား ယနေ့မွန်းလွဲ ၂နာရီတွင် အမှတ် –၂၂/၂၄ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လာရောက်လှူဒါန်းသည်။ **(အပေါ်ယာပုံ)**

အဆိုပါ လှူဒါန်းစာအုပ်များနှင့် လှူဒါန်းငွေများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ စာအုပ်လှူဒါန်းပွဲ အခမ်းအနားသို့ အလှူရှင်မိသားစုနှင့်အတူ ပျဉ်းမနားမြို့ အ–ထ–က(၁)နှင့် အ–ထ–က(၂) အထက်တန်းပြဆရာဟောင်း ဦးအောင်ထွန်းခိုင်၊ ဆေးဘက်ပညာသင်တက္ကသိုလ်မှ ပါမောက္ခ(ငြိမ်း) ဦးထွန်းအောင်ဖံ၊ ကျော်ဝင်းကုမ္ပဏီအထွေထွေမန်နေဂျာ ဦးတင့်ဆန်းတို့လည်း တက်ရောက်ကြသည်။ (ပြန်/ဆက်)

ကလေးဆေးရုံကြီးသို့ ချွဲစုပ်စက်လှူဒါန်း

ရန်ကုန် ဇွန် ၂၃

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်းနေ အလှူရှင် ဦးမောင်မောင် မိသားစုက ရန်ကုန်ကလေးဆေးရုံကြီးတွင် တက်ရောက်ကုသနေသော ကလေးလူနာများအတွက် ငွေကျပ်သုံးသိန်း တန်ဖိုးရှိ ချွဲစုပ်စက်တစ်လုံးကို ယနေ့ မွန်းလွဲ ၂နာရီခွဲက လှူဒါန်းရာ ဆေးရုံ အုပ်ကြီး ဒေါက်တာဦးချစ်ကိုတင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ဝဲပုံ)**

ထို့နောက် ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ လှူဒါန်းပွဲသို့ အလှူရှင်မိသားစုနှင့် ကလေးဆေးရုံကြီးမှ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ တက်ရောက်ကြသည်။ (ကလေးဆေးရုံကြီး)

Royal Gold Luxury Soap စက်ရုံက ထုတ်လုပ်သော Royal Goldဆပ်ပြာကြော်ငြာကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း မင်္ဂလာဒုံမြို့နယ်၌ ကွင်းဆင်းကုသပညာပေး

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို)က ကြီးမှူး၍ ရန်ကုန်တိုင်းအသင်းခွဲ အသင်းဝင်သွားနှင့် ခံတွင်းဆရာဝန်ကြီးများ ဦးဆောင်သော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကုသပညာပေးအဖွဲ့သည် ဇွန် ၁၈ရက် နံနက် ၉နာရီတွင် မင်္ဂလာဒုံမြို့နယ် တောတိုက်ဓမ္မရိပ်သာကျောင်းရှိ သံဃာတော်များ၊ သီလရှင်နှင့် ယောဂီများ၊ ဘုန်းတော်ကြီးသင် မူလတန်းနှင့် အလယ်တန်းကျောင်းသားများ စုစုပေါင်း ၁၅၀၀ ကျော်တို့အား သွားနှင့်ခံတွင်းဆိုင်ရာရောဂါများကို ကြည့်ရှုစစ်ဆေးကာ အခမဲ့ကုသပေးကြသည်။

လုပ်အားဒါနပေးလှူ

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၏ ရည်ရွယ်ချက်တစ်ခုဖြစ်သည့် ပြည်သူလူထုအတွင်း သွားနှင့်ခံတွင်းဆိုင်ရာ ဆေးအသိပညာများ ပျံ့နှံ့စေရန်နှင့် ကွင်းဆင်းကုသပညာပေးရန် ရည်ရွယ်ချက်အရ ယခုကဲ့သို့ ၂၀၀၆ ခုနှစ်အတွက် ပထမဆုံးအကြိမ် လုပ်အားဒါန ပေးလှူခဲ့ကြောင်း သိရသည်။

ပညာပေးဟောပြော

တောတိုက်ဓမ္မရိပ်သာ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဓမ္မသာရထံသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းခဲ့ပြီး သွားနှင့်ခံတွင်းဆိုင်ရာ သိကောင်းစရာများကို ပညာပေး ဟောပြောခဲ့သည်။

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို)၊ သွားတိုက်ဆေး ကုမ္ပဏီနှင့် သွားနှင့်ခံတွင်း ဆရာဝန်အလှူရှင်များက ဆေးဝါးများ၊ Fresh Upသွားတိုက်တံနှင့် သွားတိုက်ဆေးများကိုလည်းကောင်း၊ ဂရိတ်ဝေါတိုင်းရင်းဆေးကုမ္ပဏီက အဆိုပါ ဆေးကုသမှုအတွက် လှူဒါန်းငွေကျပ် တစ်သိန်းကိုလည်းကောင်း အသီးသီး ပါဝင်ကူညီ လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

Royal Goldဆပ်ပြာ ဖြန့်ဖြူးရောင်းချ

ရန်ကုန် ဇွန် ၂၃

လှိုင်သာယာစက်မှုဇုန်(၂)ရှိ Royal Gold Luxury Soap စက်ရုံမှ အရောင်ခြောက်မျိုးဖြင့် အရည်အသွေးခြောက်မျိုးရှိ Royal Goldဆပ်ပြာကို ပြင်သစ်၊ ဂျပန်၊ မလေးရှားနိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များက ဂျပန်နည်းပညာဖြင့် ဥရောပ၊ စင်ကာပူ၊ မလေးရှားနိုင်ငံတို့မှ ကုန်ကြမ်းများ အသုံးပြု၍ အီတလီ၊ အိန္ဒိယနိုင်ငံတို့မှ စက်များဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိသည်။

Royal Goldဆပ်ပြာသည် အလေးချိန် ၈၀ ဂရမ်ရှိပြီး Pnul Kernel Oil Leather ပါရှိသည့်အတွက် အသားအရေ ခြောက်သွေ့အက်ကွဲခြင်းကို ကာကွယ်ပြီး အသုံးပြုပြီးလျှင် ပူလောင်ခြင်းမရှိ၊ ဘက်တီးရီးယား ပိုးမွှားများကို လျင်မြန်စွာ ဖယ်ရှားနိုင်သည်။

ခရမ်းရောင်ရှိ Royal Goldဆပ်ပြာသည် အသားအရေကို ချောမွတ်စေ၍ သင်းပျံ့လန်းဆန်းစေခြင်း၊ အနီရောင်သည် သဘာဝသန့်စင်ပစ္စည်းများဖြင့် ထုတ်လုပ်ထားခြင်း၊ အပြာရောင်သည် အသားအရေကို ဖြူဖွေးစေသည့် သဘာဝ အော်ဂဲနစ် ပစ္စည်းများဖြင့် ထုတ်လုပ်ထားခြင်း၊ အစိမ်းရောင်သည် အသားအရေပျက်စီးခြင်းမှ ကာကွယ်သည့် သဘာဝအော်ဂဲနစ်ပစ္စည်းများဖြင့် ထုတ်လုပ်ထားခြင်း၊ ပန်းရောင်သည် အသားအရေကို စိုပြည်စေသော သဘာဝ အော်ဂဲနစ် ပစ္စည်းများဖြင့် ထုတ်လုပ်ထားခြင်း၊ အနက်ရောင်သည် ဗီတာမင်အီး ပါဝင်၍ အသားအရေပျက်စီးခြင်းမှ ကာကွယ်သည့် သဘာဝ အော်ဂဲနစ်ပစ္စည်းများဖြင့် ထုတ်လုပ်ထားခြင်းတို့ကြောင့် အသားအရေအားလုံးအတွက် သင့်လျော်သည်။

Royal Gold ဆပ်ပြာသည် Luxury စာရင်းဝင် ဆပ်ပြာတစ်မျိုးအဖြစ် မိသားစုအားလုံးအသုံးပြုနိုင်ပြီး သပ်ရပ်သောထုပ်ပိုးမှု၊ ကြာရှည်အသုံးခံခြင်း၊ နူးညံ့သော ဆပ်ပြာမြှုပ်၊ ကွဲပြားသောရေမွှေးရနံ့တို့ကို အရောင်တစ်မျိုးစီအလိုက် အကျိုးခံစားရမည်ဖြစ်ကြောင်းသိရှိရသည်။(သတင်းစဉ်)

တန်ဖိုးရှိလှာ၊ လူငယ်ဘဝ
မူးယစ်ကင်းစင်၊ ကျန်းမာမှ

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သတင်းများ

စပိန်အသင်းက ဆော်ဒီအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရ

ကိုင်ဇာစလော်တန် ဇွန် ၁၃

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအုပ်စု (ဇ)တွင် ပါဝင်သော စပိန်အသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့ ဂျာမနီနိုင်ငံ ကိုင်ဇာစလော်တန်မြို့တွင် ဇွန် ၂၃ ရက်က ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက ဆော်ဒီအာရေဗျအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

စပိန်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၃၆ မိနစ်တွင် ဂျွန်နီတိုက ခေါင်းတိုက်သွင်းယူခဲ့သည်။ ***အင်တာနက်။***

ဆော်ဒီအာရေဗျအသင်းမှ ရီဒါတူကာ(ဝဲ)နှင့် စပိန်အသင်းမှ ဖာနန်ဒိုတောရက်စ်တို့ အင်တိုက်အားတိုက် ယှဉ်ပြိုင်ကစားကြစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအုပ်စု(ဇ) ယူကရိန်းက တူနီးရှားကိုအနိုင်ရ

ဘာလင် ဇွန် ၂၃

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ဇ)တွင် ပါဝင်သော ယူကရိန်းအသင်းနှင့် တူနီးရှားအသင်းတို့ ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ဇွန် ၂၃ ရက်က ယှဉ်ပြိုင်ကစားကြရာ ယူကရိန်းအသင်းက တူနီးရှားအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရသည်။ ဒုတိယပိုင်းတွင် အင်ဒရီရှက်ချင်ကို ကန်သွင်းသော ပယ်နယ်တီဂိုးဖြင့်ယူကရိန်း အသင်း အနိုင်ရရှိပြီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ဒုတိယအကျော့ ၁၆သင်းအဆင့်သို့ တက်လှမ်းနိုင်ပြီဖြစ်သည်။ ***အင်တာနက်။***

ယူကရိန်းအသင်းမှ အိုလက်ဂူဆက်နှင့်တူနီးရှားအသင်းမှ အေနစ်အယာရီတို့ ဘောလုံးရရှိရေး အပြိုင်အဆိုင် ကြိုးပမ်းကြစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် ဇွန် ၂၃

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁နာရီ ၃၁မိနစ် စက္ကန့် ၄၀ အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အနောက်မြောက်ဘက် ၂၇၅မိုင်ခန့်ကွာဝေးသော စစ်တွေမြို့အနီးပင်လယ်ပြင်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသည့်မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိကြောင်းကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရှိရသည်။ (သတင်းစဉ်)

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

ဂျာမနီနှင့် အာဂျင်တီးနား ကွာတားဖိုင်နယ်၌ ရင်ဆိုင်ရဖွယ်ရှိ

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်၍ ဒုတိယအဆင့်ရှုံးထွက်ပြိုင်ပွဲများကို ယနေ့ (ဇွန် ၂၄) ရက် ညနှင့် မနက်ဖြန် နံနက်စောစောတွင် စတင်ကစားကြမည်။ ပထမပွဲစဉ်အဖြစ် အုပ်စု(က) ပထမဖြစ်သော အိမ်ရှင်ဂျာမနီနှင့် အုပ်စု(ခ)ဒုတိယဖြစ်သော ဆွီဒင်တို့ ကစားကြမည်။ ဒုတိယပွဲစဉ်အဖြစ် အုပ်စု(ဂ) ပထမဖြစ်သော အာဂျင်တီးနားနှင့် အုပ်စု(ဃ) ဒုတိယဖြစ်သော မက္ကဆီကိုတို့ ကစားမည်။

ဂျာမနီနှင့် ဆွီဒင်

၂၄–၆–၂၀၀၆
အလိုင်းယင့်(စ်)အရီနာကွင်း
အချိန်– ည ၈း၃၀ နာရီ၊ စနေနေ့
(မြဝတီမှ ပြန်လည်ထုတ်လွှင့်ပြသမည်။)

ဆွီဒင်သည် အင်္ဂလန်၊ ပါရာဂွေး၊ ထရီနီဒက်တို့နှင့်အတူ အုပ်စု(ခ)တွင် အတူကျသည်။ ပွဲဦးထွက်တွင် ထရီနီဒက်နှင့် ကစားရာ ဂိုးမရှိသရေကျသည်။ ဒုတိယပွဲစဉ်တွင် ပါရာဂွေးနှင့်ကစားရသည်။ တစ်ဂိုး–ဂိုးမရှိနိုင်သည်။ နောက်ဆုံးပွဲစဉ်တွင် အင်္ဂလန်နှင့် ကစားရသည်။ နှစ်ဂိုးစီသရေကျသည်။ သို့ဖြစ်၍ ဒုတိယရှုံးထွက်အဆင့်သို့ အုပ်စုဒုတိယဖြင့် တက်လာသည်။

ပွဲဦးထွက်တွင် ဆွီဒင်ကစားပုံကောင်းသည်။ ရှေ့၊ လယ်၊ နောက်ကောင်းသည်။ မြန်ဆန်ပြီး အင်နှင့်အားနှင့် ကစားနိုင်သည်။ တစ်ဖက်ဂိုးသမားကောင်း၍ ဂိုးမရခြင်းဖြစ်သည်။ ပါရာဂွေးနှင့်ပွဲတွင် ဆွီဒင်သည် ရှေ့ပွဲထက်ကောင်းသည်။ အကွက်ကျကျ ထိုးဖောက်ကစားနိုင်သည်။ အင်္ဂလန်နှင့် ကစားသော နောက်ဆုံးပွဲစဉ်တွင် ဆွီဒင်ကစားပုံသည် ရှေ့နှစ်ပွဲထက်ပို၍ ကောင်းသည်။ အင်္ဂလန်၏ ဂိုးပေါက်ကို အကြိမ်ကြိမ် ခြိမ်းခြောက်ကစားနိုင်ခဲ့သည်။ ကစားခဲ့သော ခြေစွမ်းရည်အရဆိုလျှင် ဆွီဒင်သည် အိမ်ရှင်ဂျာမနီကို ခြေရည်တူကစားနိုင်သည်။

ဂျာမနီ

ဂျာမနီသည် အုပ်စုပွဲစဉ်အားလုံးကို အနိုင်ရခဲ့သည်။ ပွဲဦးထွက် ကော်စတာရီကာနှင့် ပွဲကောင်းသလောက် ပိုလန်နှင့်ပွဲတွင် ကစားပုံရော ခြေစွမ်းပါ အနည်းငယ်နိမ့်ဆင်းသွားသည်။ သို့သော် အီကွေဒေါနှင့် ကစားသော ပွဲတွင် ခြေစွမ်းရည် အစစ်အမှန်ပြန်ပေါ်လာသည်။ ထို့အပြင် နည်းပရိယာယ်နှင့် နည်းဗျူဟာပါးနပ်မှုများကို မြင်တွေ့ရသည်။

ဘောလက် ပြန်ပါလာခြင်းက ဂျာမနီ၏ ကွင်းလယ်ကို ပိုမိုအင်အား တောင့်တင်းသွားစေသည်။ ဘောလက်ဦးဆောင်သော ဂျာမနီကွင်းလယ်သည် ကစားပွဲတစ်ခုလုံးကို ကောင်းစွာထိန်းချုပ်ကစားနိုင်ခဲ့သည်။ ထို့အပြင် ဂိုးရအောင်လည်း ဖန်တီးပေးနိုင်သည်။

နည်းပရိယာယ်

နှစ်သင်းစလုံးသည် နည်းပရိယာယ်၊ နည်းဗျူဟာ ကျွမ်းကျင်ကြသည်။ အခြေခံနည်းစနစ်ပိုင်နိုင်မှုတွင်လည်း ကွာဟချက်မရှိချေ။ သို့သော် မြန်ဆန်သွက်လက်မှု၊ အင်နှင့်အားနှင့်ကစားရာတွင် ဆွီဒင်သည် ဂျာမနီထက် များစွာသာသည်။ မည်သို့ပင်ဖြစ်စေ အိမ်ရှင်ဂျာမနီသည် ပြိုင်ဘက်အသင်းအား မည်သို့မည်ပုံကစားရမည်ကိုသိသည်။ ဆွီဒင်ကဲ့သို့ပင် ပါဝါနှင့်လျင်မြန်မှုအားပြုသော အီကွေဒေါအသင်းမျိုးကိုပင် ထိန်းချုပ်ပြီး အနိုင်ရအောင် ကစားသွားသည်။

ကလင်းစမန်းသည် မိမိ၏အားနည်းချက်ကိုလုံခြုံအောင်ကာရံပြီး အားသာချက်ဖြင့် ပြိုင်ဘက်အားနည်းချက်အပေါ် အခွင့်ကောင်းယူထိုးဖောက်တတ်သော နည်းပြဆရာတစ်ဦးဖြစ်သည်။ တစ်နည်းဆိုရသော် ကြံရည်ဖန်ရည် ကောင်းသူဟု ဆိုရမည်။ သို့သော် ကလင်းစမန်း ရင်ဆိုင်ရမည့်အသင်းက သာမန်အဆင့်ရှိသော အသင်းတစ်သင်းမဟုတ်။ အလွန်လျင်မြန်ပြီး ပါဝါအသုံးပြုသော အသင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ ဂျာမနီအသင်း အနိုင်ရအောင် မည်သို့မည်ပုံ ကစားမည်နည်း ဆိုသည်ကို စဉ်းစားကြည့်ရင်း ရင်ခုန်မိပါသည်။

ဂမ်ဆိုင်း

အာဂျင်တီးနားနှင့် မက္ကဆီကို

၂၅–၆–၂၀၀၆
လိုက်ပဇစ်ကွင်း
အချိန်–နံနက် ၁း၃၀ နာရီ၊ တနင်္ဂနွေနေ့
(မြဝတီမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်။)

မက္ကဆီကိုသည် (ဃ) အုပ်စုမှ ဒုတိယဖြင့် တက်လာသော အသင်းဖြစ်သည်။ ပွဲဦးထွက်တွင် အီရန်နှင့် ကစားရာ သုံးဂိုး–တစ်ဂိုးဖြင့်နိုင်သည်။ အင်ဂိုလာနှင့်ပွဲ၌ ဂိုးမရှိသရေကျသည်။ နောက်ဆုံးပွဲစဉ်မှာ ပေါ်တူဂီကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးသည်။

အီရန်နှင့်ပွဲတွင် မက္ကဆီကို၏ ခြေစွမ်းရည်သည် အံ့သြဖွယ်ကောင်းသည်။ ရှေ့၊ လယ်၊ နောက် ဟန်ချက်ညီညီဖြင့် ကစားသွားသည်။ ကွင်းလယ်ကစားကွက်ကောင်းသည်။ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားပြီး ဂိုးရအောင် ဖန်တီးနိုင်သည်။ အင်ဂိုလာနှင့်ကစားသောပွဲတွင်သာ မက္ကဆီကို ပုံမှန်ခြေစွမ်းမရဘဲဖြစ်ခဲ့သည်။ မက္ကဆီကို၏ ကွင်းလယ်ကြောကို ဖြတ်တောက်ခံရသောကြောင့်ဖြစ်သည်။

သို့သော် အုပ်စုဗိုလ်အတွက် ကစားရသော ပေါ်တူဂီနှင့်ပွဲတွင် မက္ကဆီကို၏ ခြေစွမ်းကို ပြန်မြင်ရသည်။ မက္ကဆီကိုတို့ ပေးလိုက်ရသော နှစ်ဂိုးမှာ ထောင့်ကန် ဘောနှင့် ပယ်နယ်တီတို့မှဖြစ်သည်။ မက္ကဆီကို နောက်တန်း အဖောက်ခံရ၍ ပေးလိုက်ရခြင်းမဟုတ်။ ဤအချက်ကို ပရိသတ်များ သတိပြုမိကြလိမ့်မည်ဖြစ်သည်။ မက္ကဆီကိုရသောဂိုးမှာ ကစားကွက်ဖြင့် ရရှိခြင်းဖြစ်သည်။ ပေါ်တူဂီနှင့် ကစားခဲ့သောခြေရည်အတိုင်းဆိုလျှင် မက္ကဆီကိုသည် အာဂျင်တီးနားကို ခြေရည်တူ ယှဉ်ကစားနိုင်သည်။

အာဂျင်တီးနား

အာဂျင်တီးနားက အုပ်စု(ဂ)မှ ပထမဖြင့်တက်လာသည်။ အိုင်ဗရီကို့စ်၊ ဆာဘီးယား၊ နယ်သာလန်(ဒ်ေါ) ဟော်လန်တို့နှင့်အတူကျသည်။ ပွဲဦးထွက်တွင် အိုင်ဗရီကို့စ်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်သည်။ တစ်ဖန် ဆာဘီးယားကို ခြောက်ဂိုး–ဂိုးမရှိဖြင့်နိုင်သည်။ နောက်ဆုံးပွဲစဉ်တွင် အာဂျင်တီးနားသည် ဟော်လန်နှင့် သရေကစားခဲ့သည်။

အိုင်ဗရီကို့စ်နှင့် ကစားသော ပွဲဦးထွက်ပွဲတွင် အာဂျင်တီးနား၏ ခြေစွမ်းရည်သည် ကောင်းသည်။ ပွဲကို မိမိစိတ်ကြိုက် အတင်အချလုပ်ကစားသွားသည်။ ကွင်းလယ်ကစားပုံကောင်းသည်။ ဆာဘီးယားနှင့် ပွဲတွင်လည်း အာဂျင်တီးနားသည် အထက်စီးမှ စိတ်ကြိုက်ကစားသွားသည်။ နယ်သာလန်နှင့် ကစားသော နောက်ဆုံးပွဲစဉ်တွင် အာဂျင်တီးနားတို့ ဂိုးမပေးရအောင် ထိန်းကစားသွားသည်။ မည်သို့ပင်ဖြစ်စေ လက်ရှိအနေအထားတွင် အာဂျင်တီးနားသည် အကောင်းဆုံး အသင်းတစ်သင်းအဖြစ် ပရိသတ် လက်ခံထားပြီးဖြစ်သည်။

နှစ်သင်းကစားခဲ့သောပွဲများကို လေ့လာကြည့်ရာတွင် ခြေစွမ်းရည်မှာ မတိမ်းမယိမ်းရှိသည်။ ကစားသည့် ပုံစံများလည်း တူကြသည်။ သို့သော် မက္ကဆီကို၏ ကစားအားနှင့် မြန်ဆန်မှုက အာဂျင်တီးနားထက်သာသည်။ ပင်ကိုစွမ်းရည်နှင့် ဖန်တီးကစားနိုင်မှုအပိုင်း၌ အာဂျင်တီးနားက ပို၍ကောင်းသည်။ယင်းအချက်က ပြိုင်ပွဲတစ်ခု၏အဖြေကို ထုတ်ပေးလေ့ရှိသည်။ မက္ကဆီကို အသင်းအနေဖြင့် အာဂျင်တီးနား၏ အဓိက ကစားသမားများကို မည်သို့မည်ပုံ ထိန်းချုပ်ကစားနိုင်မည်နည်း။ ဤအချက်ပေါ် မူတည်၍ ပွဲ၏ရလဒ်သည် ပေါ်ထွက်လာလိမ့်မည်။ ။

အီတလီ ကွင်းလယ်ကစားသမား ဒင်နီယယ်ဒီရော်စီ လေးပွဲပိတ်ပင်ခံရ

ဒူစ့်ဘတ်ဂ့် ဇွန် ၂၃

အီတလီ ကွင်းလယ်ကစားသမား ဒင်နီယယ်ဒီရော်စီသည် အမေရိကန် တိုက်စစ်မှူး ဘရိုင်ယန်မက်ဘရစ်ဂျ်အား လူချကစားခဲ့မှုဖြင့် လေးပွဲအပယ်ခံရမည်ဖြစ်ကြောင်း ဇွန် ၂၃ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။



ဇွန် ၁၇ ရက်က အမေရိကန်နှင့် ယှဉ်ပြိုင် ကစားသည့်ပွဲတွင် အီတလီအသင်းမှ ရော်စီက မက်ဘရစ်ဂျ်အား တံတောင်ဖြင့်တွန်းတိုက်ခဲ့မှုကြောင့် ပွဲချိန် ၂၇မိနစ်တွင် ရော်စီ ထုတ်ပယ်ခံခဲ့ရသည်။ ယင်းပွဲတွင် အမေရိကန်အသင်းမှ မက်စထရွှန်နီနှင့် ပုပ်တို့မှာလည်း ထုတ်ပယ်ခံခဲ့ရသဖြင့် ကိုးဦးတည်းဖြင့် ဆက်လက်ကစားခဲ့သည်။ မက်ဘရစ်ဂျ်သည် တံတောင်ဖြင့် အတိုက်ခံရမှုကြောင့်၎င်း၏ မျက်စိအောက်ဘက်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ရော်စီအား လေးပွဲပိတ်ပင်သည့် ဆုံးဖြတ်ချက်ကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ထံမှ မိမိတို့ သိရှိရကြောင်း၊ ဒီရော်စီက တောင်းပန်စာပေးပို့ ခဲ့ခြင်းကြောင့်ငါးပွဲကစားခွင့်ပိတ်ပင်ခြင်း မပြုတော့ဘဲ လေးပွဲသာ ပိတ်ပင်ခြင်းဖြစ်ကြောင်း အီတလီအသင်း ပြောရေးဆိုခွင့်ရှိသူ အင်တိုနယ်လိုဗလင်တီနီက ပြောကြားသည်။ **အင်တာနက်။**

လေးပွဲကစားခွင့် ပိတ်ပင်ခံရသူ ဒီရော်စီ။ *(ဓာတ်ပုံ–အင်တာနက်)*

ဗန်နစ္စတယ်ရွိုင်း၏ နေရာတွင် လူစားထိုးရန် ဒတ်ချ်နည်းပြသုံးသပ်

ဘာလင် ဇွန် ၂၃

ရဗန်နစ္စတယ်ရွိုင်း၏ နေရာတွင် လူငယ်တိုက်စစ်မှူးဒစ်ကွတ်နှင့် အစားထိုးရန် မိမိစဉ်းစား သုံးသပ်လျက်ရှိကြောင်း နယ်သာလန်အသင်းနည်းပြ မာကိုဗင်ဘာစတင်က သောကြာနေ့တွင် ပြောကြားသည်။

ဒတ်ချ်တိုက်စစ်မှူး ဒစ်ကွတ်သည် အုပ်စု(ဂ)တွင်ပါဝင်သော အာဂျင်တီးနားအသင်းနှင့် နယ်သာလန်အသင်းတို့၏ အဖွင့်ပွဲတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။

ဒစ်ကွတ်သည် ဗန်နစ္စတယ်ရွိုင်းထက် ပိုမိုအရည်အချင်း သာလွန်သည်ဟု မိမိထင်မြင်မိကြောင်း နည်းပြက ပြောကြားသည်။ **အင်တာနက်။**



ဇွန် ၂၁ရက်က အာဂျင်တီးနားအသင်းနှင့် ယှဉ်ပြိုင်ကစားသည့်ပွဲတွင် နယ်သာလန်အသင်းမှ တိုက်စစ်မှူးဒစ်ကွတ်အား တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများအား ပညာသင်ထောက်ပံ့စရိတ်ပေးအပ်ပွဲနှင့် ဝန်ထမ်းများအား ဝတ်စုံပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၉ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က ဝန်ထမ်းမိသားစု ၃၃ဦးအတွက် ပညာသင်ထောက်ပံ့စရိတ်ငွေကျပ်၁၁၄၀၀၀ နှင့် ဝန်ထမ်း ၆၃ဦးအတွက် ငွေကျပ် ၂၁၄၀၀၀ တန်ဖိုးရှိ ဝတ်စုံ ၆၃စုံကို ဒုတိယဦးစီးမှူး ဦးကျော်လွင်နှင့် ဌာနခွဲစာရေးကြီး ဦးတင့်ဆွေတို့အား ပေးအပ်စဉ်။ (၅၀၆)

မွန်ပြည်နယ် မုဒုံမြို့နယ် မေတ္တာကာရီ နာရေးကူညီမှုအသင်းအတွက် ဝတ်စုံများပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၇ရက်ကကျင်းပရာ မုဒုံမြို့ စက်သစ်ရပ် မြနန္ဒာလမ်းနေ ဒေါ်သန်းမြင့်(အထပြ–ငြိမ်း)က ငွေကျပ်တစ်သိန်း ငါးသောင်း တန်ဖိုးရှိဝတ်စုံများပေးအပ်လှူဒါန်းရာ မေတ္တာကာရီ နာရေးကူညီမှုအသင်း အတွင်းရေးမှူး ဦးယုနိုင် လက်ခံယူစဉ်။
(မြို့နယ်ပြန်/ဆက်)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

ရန်ကုန် ဇွန် ၂၃

ယနေ့ မြန်မာစံတော်ချိန် နံနက် ၈နာရီ ၄၀ မိနစ် စက္ကန့် ၄၀ အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ ၁၆မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသည့် မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာသည်။ (သတင်းစဉ်)



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ် နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော် ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေး သူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကျိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည် —

စိုးမြကျော် ၏
အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်
ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀) ရောင်းဈေး ၃၅၀/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၃၈၁၃၄၄၊ ၂၄၉၀၃၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့၊ ဖုန်း - ၂၉၄၃၀၆

ကြေးမုံ The Mirror ပြည်သူ့ထံမှပေးစာ

တိုက်အိမ်ပြိုကျမည့်အန္တရာယ် ကြိုတင်ကာကွယ်

စာတည်းခင်ဗျား–

လှိုင်မြို့နယ် (၁၂)ရပ်ကွက် အောင်ဓမ္မရိပ်သာ မရမ်းခြံ မာလာရုံလမ်းရှိ နှစ်ထပ်တိုက်တစ်လုံးသည် အက်ကြောင်းများလိုက်၍ ပျက်စီးလျက်ရှိပြီး အုတ်ညှပ်သစ်သားတန်းများသည် ခြစား၊ ဆွေးမြည့်နေပါသဖြင့် ပြိုကျမည့်အန္တရာယ်ရှိနေပါသည်။

သို့ပါ၍ အဆိုပါ တိုက်အိမ်အား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အန္တရာယ်ကင်းစေလိုသူ**

စည်းကမ်းမဲ့ဆိုင်ကယ်များ အရေးယူသင့်

စာတည်းခင်ဗျား–

မအူပင်မြို့တွင် စည်းကမ်းမဲ့ ဆိုင်ကယ်စီးသူများကြောင့် ယာဉ်တိုက်မှုအန္တရာယ်နှင့် တွေ့ကြုံကြရပြီး အချို့ဆိုင်ကယ်များမှာ နံပါတ်မရှိသောကြောင့် ဖမ်းဆီးအရေးယူနိုင်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ စည်းကမ်းမဲ့ မောင်းနှင်သူများ၊ လိုင်စင်မဲ့ ဆိုင်ကယ်များကို အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

မအူပင်သား

စည်းကမ်းမဲ့ အမှိုက်ပစ်သူများ အရေးယူစေချင်

စာတည်းခင်ဗျား–

ဗိုလ်တထောင်မြို့နယ် (၆၃)လမ်းနှင့် (၆၄) လမ်းကြားရှိ နောက်ဖေးလမ်းကြားတွင် နေအိမ်များမှ အမှိုက်များကို နေ့စဉ်စည်းကမ်းမဲ့ ပစ်ချနေကြသောကြောင့် ရေမြောင်းများပိတ်ဆို့နေပါသည်။ သို့ဖြစ်ပါ၍ နောက်ဖေးလမ်းကြားမှ အမှိုက်များအား ရှင်းပေးပါရန်နှင့် စည်းကမ်းမဲ့ အမှိုက်ပစ်ချသူများအား အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းလိုသူတစ်ဦး

လမ်းကြားမှ ထမင်းဆိုင် ဖယ်ရှားပေးစေလို

စာတည်းရှင့်–

ပန်းဘဲတန်းမြို့နယ် (၁၁)ရပ်ကွက်၊ ၃၁ လမ်းနှင့် ၃၂ လမ်း (အထက်) တွင် အဆိုပါ လမ်းနှစ်သွယ်အား ဆက်သွယ်ထားသည့် ကြားလမ်းကို ပိတ်ဆို့ကာ ထမင်းနှင့် လက်ဖက်ရည်ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိရာ လမ်းသွားလမ်းလာများ အနှောင့်အယှက်ဖြစ်ရပါသည်။

သို့ဖြစ်ပါ၍ အထက်ပါကြားလမ်းမှ ဆိုင်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

(၃၂)လမ်းသူများ

လောင်စာဆီရောင်းဝယ်မှု ရှင်းလင်းဆောင်ရွက်ပြီး

၂၇–၅–၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မြောင်းမြမြို့ သဘော်ဆိပ်အနီး လှိုင်သာယာဈေးကြီးအနောက်ဘက်တွင် လောင်စာဆီများကို သိုလှောင်ရောင်းဝယ်မှုပြုလုပ်နေပါ၍ မီးဘေးအန္တရာယ် စိုးရိမ်နေရ ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

မိလ္လာကန်များ သန့်ရှင်းရေးဆောင်ရွက်ပြီးစီး

၆–၅–၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ တာမွေမြို့နယ် သမာဓိလမ်းနှင့် မင်္ဂလာလမ်းထောင့် ခြံအမှတ် (၁၂၃)ရှိ မိလ္လာကန်များ သန့်ရှင်းစေလို ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ဒိုင်စုကျေးရွာ ရေတံခါးပြုပြင်ပေးပါ

စာတည်းခင်ဗျား–

လှိုင်သာယာမြို့နယ် ဒိုင်စုကျေးရွာရေတံခါးမှာ ပျက်စီးနေပါသဖြင့် မိုးရာသီရောက်တိုင်း ပတ်ဝန်းကျင်ရှိ နေအိမ်များနှင့်စာသင်ကျောင်းဝင်းအတွင်းသို့ မြစ်ရေများ စီးဝင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါရေတံခါးအား ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ဒိုင်စုကျေးရွာသား

ခွေးလေခွေးလွင့် ရှင်းပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် တောင်ရပ်ကွက် ဘောဂလမ်းထိပ်တွင် ခွေးလေခွေးလွင့်များ ပေါများလျက်ရှိရာ အနီးပတ်ဝန်းကျင်ရှိ ပြည်သူများနှင့် လမ်းသွားလမ်းလာများ မကြာခဏ ခွေးကိုက်ခံကြရပါသည်။

သို့ဖြစ်ပါ၍ ခွေးလေခွေးလွင့်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **ဘောဂလမ်းသားများ**

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

မိလ္လာကန်များပေါက် အနံ့ဆိုးများထွက်ပေါ်

စာတည်းခင်ဗျား–

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာရှိ တိုက်များမှာ သက်တမ်းနှစ်ပေါင်း ၅၀ ကျော်ရှိနေပြီဖြစ်ရာ ရေပိုက်များ၊ မိလ္လာကန်များ ပျက်စီးပေါက်ပြဲပြီး အနံ့ဆိုးများ ထွက်ပေါ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတိုက်များရှိ မိလ္လာကန်များနှင့် ပိုက်များအား ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားတစ်ဦး

ပလတ်စတစ်ညှော်နံ့ မခံနိုင်

စာတည်းရှင့်––

မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်းရှိ ခြံတစ်ခြံတွင် ပလတ်စတစ်လုပ်ငန်းလုပ်ကိုင်လျက်ရှိရာ ညှော်နံ့များကို ပတ်ဝန်းကျင်နေသူများ နေ့စဉ်ရှူရှိုက်နေရသည့်အပြင် စက်လည်ပတ်သံများကြောင့် ညဘက်၌ ကောင်းစွာအိပ်စက်၍ မရကြပါ။ သို့ဖြစ်ပါ၍ စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ရွှေနှင်းဆီလမ်းသူများ**

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဖြစ်ထွန်းမှ ဒေသဖွံ့ဖြိုးမည် ဒေသခံပြည်သူများ မိမိဒေသအေးချမ်းရေး တာဝန်ရှိသူများနှင့် ပူးပေါင်းတည်ဆောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ကျောက်ကြီးဒေသဖွံ့ဖြိုးတိုးတက်ရေး စစ်ဆေးမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ကျောက်ကြီးမြို့ နယ်မြေခံ တပ်နယ် စုပေါင်းခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇွန် ၂၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၁ ရက် နံနက် ၇ နာရီတွင် နေပြည်တော်မှ ပဲခူးတိုင်း ရေနီမြို့သို့ရောက်ရှိရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်ကြီးမြို့သို့ ရောက်ရှိကြပြီး နယ်မြေခံတပ်နယ် စုပေါင်းခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ နယ်မြေဒေသ အေးချမ်း တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ် အောင်မြင်ရေးအတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်းလက်တွဲ၍ အင်တိုက်အားတိုက် ကြိုးပမ်း ဆောင်ရွက်ရေး၊ မိသားစုဝင်များ၏ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး တို့ကို ရှင်းလင်းမှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နယ်မြေခံတပ်နယ်စုပေါင်းခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံသည်။

ရှေးဦးစွာ ကျောက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝမ်းက မြို့နယ် အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေ များကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

အင်တာနက်သတင်း

မြွေဆိပ်မှ ထုတ်ယူရရှိသော ပရိုတိန်းတစ်မျိုး နှလုံးရောဂါဆိုင်ရာ တစ်သျှူးပျက်စီးမှုကို ကုသနိုင်

ရီယိုဒီဂျနေးရိုး ဇွန် ၂၂

ဘရာဇီးနိုင်ငံ၌ တွေ့ရှိရသော မြွေတစ်မျိုးမှ ထုတ်ယူရရှိသည့် မြွေဆိပ်သည် နှလုံးရောဂါဝေဒနာ ရှင်များတွင် တွေ့ရလေ့ရှိသော တစ်သျှူးပျက်စီးမှု ဆိုင်ရာ ဝေဒနာများကို ကုသနိုင်ကြောင်း ဘရာဇီး သုတေသီများက ဇွန် ၂၁ ရက်တွင် ပြောကြား သည်။

ဘရာဇီးနိုင်ငံ ဆော်ပေါလိုပြည်နယ်ရှိ ဆာကာ လို့စ် တက္ကသိုလ်မှ ပါမောက္ခ ဟယ်လိုဆာ ဆိုဘရီ ရိအာရူဂျို ဦးဆောင်သော သိပ္ပံပညာရှင်များအဖွဲ့ သည် ယူရေးတပ်စ် အမျိုးအစား မြွေတစ်မျိုး၏ အဆိပ်ကို လေ့လာခဲ့ကြသည်။

ယူရေးတပ်စ်အမျိုးအစားမြွေ၏ အဆိပ်တွင် ထူးခြားသော ပရိုတိန်းတစ်မျိုး ပါဝင်ပြီး ယင်း ပရိုတိန်းကို ALT-C ဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

ALT-C ပရိုတိန်းပါဝင်မှု အနေအထားပေါ် တွင် မူတည်လျက် နှလုံးရောဂါဝေဒနာရှင်များ၏ ထိခိုက်ပျက်စီးနေသော တစ်သျှူးများကို ကုစား ပေးနိုင်ကြောင်း၊ အဆိုပါ မြွေဆိပ်သည် သွေးကြော သစ်များဖွဲ့စည်းဖြစ်ပေါ်ရန် အထောက်အကူပေးနိုင် ကြောင်း ပါမောက္ခဟယ်လိုဆာက ပြောကြားသည်။

ယင်းမြွေဆိပ်ကို အခြေခံ၍ နှလုံးရောဂါ၊ ဆီးချိုရောဂါကြောင့်ဖြစ်ပေါ်ရသည့် မပျောက်ကင်း သော ဒဏ်ရာများစသည့် ဝေဒနာများအား ကုသပေး နိုင်မည့်ဆေးဝါးများကို တီထွင်ဖော်ထုတ်လာနိုင် မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး)သင်တန်း အမှတ် စဉ်(၁) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြား စဉ်။ (သတင်းစဉ်)

အသင်းကြီး၏ရှေ့လုပ်ငန်းစဉ်များသည် နိုင်ငံတော်အကျိုး ပြည်သူများအကျိုးဖြစ် ရှေ့လုပ်ငန်းစဉ်များ၏ အကျိုးဖြစ်ထွန်းမှုကို လက်တွေ့ဆောင်ရွက်ပြီး သက်သေထူ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တိုးမြှင့်ဆောင်ရွက်ပေး

ရန်ကုန် ဇွန် ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး)သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁